ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ စနေနေ့၊ (24-1-2004) (၄၁၂၅)

ဗာဟုသစ္စ
တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

လက်ခံတွေ့ဆုံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇) ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၇၀၂၉



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇) ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇)အဖွဲ့ ထောက်ခံ မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်အစိုးရဦးဆောင်မှုဖြင့် တက်ညီလက်ညီပါဝင်ကြမည်

ရန်ကုန် ဇန်နဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇) ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသော ဦးကိုလေးနှင့် ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါးပပျောက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ပွင့်လင်းစုံအမြစ်ပြဋ္ဌာနေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၄-၁-၂၀၀၄
(စနေနေ့)

နယ်စပ်ဒေသများ အေးချမ်းသာယာဖွံ့ဖြိုးရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဦးစားပေး အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ အစပိုင်း၌ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မျှော်မှန်းသည်ထက် အောင်မြင်တိုးတက်မှုများ ပိုမိုရရှိခဲ့သည်။

အဆိုပါ အောင်မြင်မှုများအပေါ် အခြေခံပြီး နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသအစွန်အဖျား ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အချက်အချာကျသော ဒေသများတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးစသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄)ကို ဇန်နဝါရီလ ၁၇ရက်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဆွေးနွေးမှာကြားရာတွင် **နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်လို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်စေရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအသီးသီးတို့က အားတက်သရော ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုးတက်အောင်မြင်မှုများ ရလျက်ရှိသည်။ သာဓကအားဖြင့် နယ်စပ်ဒေသများ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၆၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်းနှင့် အထက်တန်းကျောင်း ၆၂ ကျောင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူပေါင်း တစ်သိန်းရှစ်ထောင်ကျော် ပညာသင်ကြားလျက်ရှိကြသည်။

ထို့အပြင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၁၉ ကျောင်းကို ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိသည်။ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ရှစ်ကျောင်းကို လားရှိုး၊ ပင်လုံ၊ ဘားအံ၊ ပခုက္ကူ၊ ဖလမ်း၊ တွန်းဇံ၊ ကလေးနှင့် ထန်တလန်တို့တွင် ထပ်မံဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးရုံ ၅၂ ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀ တို့ကို တည်ဆောက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသတွင်း လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ မူးယစ်ဆေးဝါးချုပ်ငြိမ်း ပပျောက်ရေးတို့အတွက် ငွေကြေးမြောက်မြားစွာ သုံးစွဲပြီး ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ၂၀၀၃ခုနှစ်ကုန်အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများအားလုံးက နယ်မြေဒေသ အေးချမ်းသာယာဖွံ့ဖြိုးရေး၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့် ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား စီစဉ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိက အမှာစကားပြောကြားရာ၌ ဤဆပ်ကော်မတီတွင် ပါဝင်လုပ်ဆောင်ကြသော ဌာနဆိုင်ရာ ပုဂ္ဂိုလ်များသည် မိမိတို့ဆပ်ကော်မတီ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပြီးပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပရန်ဖြစ်၍ လုပ်ငန်းများ လုပ်ဆောင်ရာ၌ ဟာကွက်၊ ချို့ယွင်းချက် မရှိစေရန် သတိပြုဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အခမ်းအနား မွမ်းမံပြင်ဆင်ရေး၊ စစ်ရေးပြအခမ်းအနားစီစဉ်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် လုံခြုံရေးလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ပြည်ထောင်စုနေ့သည် မြန်မာ့သမိုင်းတွင် အလွန်အရေးပါသော နေ့တစ်နေ့ဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့များသည် အသိစိတ်ဖြင့် မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ထားသည်ကို တွေ့ရှိရ၍ ကျေးဇူးတင်ကြောင်း၊ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပရာ၌ လုပ်ငန်းအဖွဲ့အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်း ပါဝင်ဆောင်ရွက် ကြစေလိုကြောင်း ဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၄ခုနှစ်(၄၉)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲ ၏ ပထမအဆင့်အုပ်စုပတ်လည်အမှတ်ပေး ပြိုင်ပွဲများကိုသတ်မှတ်ထားသည့်နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ ၏ အထက်မြန်မာပြည်ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင်စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေပွဲ ဖြစ်သွားသည်။ ယင်းပြိုင်ပွဲ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံး သမားဆုကို စစ်ကိုင်းတိုင်းမှ မျိုးဇော်လင်းက ရရှိသွားသည်။

အောက်မြန်မာပြည်ဇုန် ဟင်္သာတမြို့၌ကျင်းပသောပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကမွန်ပြည်နယ်ကိုလေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ယင်းပြိုင်ပွဲတွင်ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွန်းထွန်းနောင်က ရရှိသွားသည်။
(သတင်းစဉ်)

အိုင်ဒီယာမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

ရွှေရတု မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲအခမ်းအနားမှ ရုပ်ရှင်အနုပညာရှင်များ၏ အလှပုံရိပ်များနှင့် အကြည်တော်၏ ငါးကိုယ်ခွဲပေးတဲ့ ဇာဂနာ၊ ဖေမြင့်၏ သူလိုငါလို မဟုတ်သည့် သူလိုငါလို ရှေ့နေတစ်ယောက်၊ ကျော်ဟိန်းဖြောင့်ချက်၊ သေရွာပြန် မင်းသိခ်နှင့် မြတ်ခိုင်၏ အင်တာဗျူး၊ နေဝင်းမြင့်၏ ငါ့ဓာတ်သဘင် ဘယ်သူရွှေ့သလဲအပါအဝင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပြည်တွင်း၊ ပြည်ပ ဖက်ရှင်အလှ၊ ကျန်းမာရေး၊ စိတ်ပညာ၊ နိုင်ငံတကာ အနုပညာ၊ စာပဒေသာ၊ ဗေဒင်နှင့် ယတြာတို့ဖြင့်နှစ်ဆယ့်တစ်ရာစုခေတ် လူငယ်တို့၏ ဘဝအလှဒဿနများကို ဖော်ကျူးထားသည့် ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလထုတ် Idea မဂ္ဂဇင်းကို အမှတ်(၁၂၇)၊ မြေညီထပ်၊ ၄၃လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိထားသည်။
(အောက်ပုံ) (က–ပ)



ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့
မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်
နေ့ရက်- (၂၅ - ၁ - ၂၀၀၄ ၂၆ - ၁ - ၂၀၀၄)
အချိန် - နံနက် (၀၇:၃၀ မှ ၁၀:၀၀)နာရီ
နေရာ - ပြည်သူ့ဥယျာဉ်
ဖုန်း - ၆၆၇၀၂၂၊၃၇၀၅၀၈

မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်များတွင် နေ့စဉ်နံနက် ၇နာရီခွဲမှ ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မုန့်ရောင်းပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက မြန်မာမုန့်မျိုးစုံကို ရောင်းချမည်ဖြစ်ပြီး မြန်မာတေးဂီတများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။ မုန့်ရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲလိုသူများ အနေဖြင့် ဖုန်း–၆၆၇၀၂၂ နှင့် ၃၇၀၅၀၈တို့သို့ ဆက်သွယ်နိုင်သည်။
(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်
* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

လုံခြုံရေးအခြေအနေ ပျက်ပြားနေသော အီရတ်နိုင်ငံတွင် နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ဆောင်ရန် အခက်အခဲများဖြစ်ပေါ်နေပြီး လုံခြုံရေးအခြေအနေ ထိန်းသိမ်းနိုင်ရန် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ခက်ခက်ခဲခဲကြိုးပမ်း လုပ်ကိုင်နေရဆဲဖြစ်သည်။

အီရတ် ပြန်လည်ထူထောင်ရေး အကျပ်အတည်းကို ကုလသမဂ္ဂ၏ ခေါင်းဆောင်မှုဖြင့်သာ ကျော်လွှားနိုင်မည်ဟု ကမ္ဘာ့နိုင်ငံများက ယုံကြည်ယူဆကြသည်။ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ အနာဂတ် အခန်းကဏ္ဍဖြစ်ပေါ်ရေးမှာလည်း လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်မှုအပေါ် တည်မှီလျက်ရှိသည်။ ကုလသမဂ္ဂသည် အီရတ်ပြည်သူလူထုထံ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ယင်းနိုင်ငံတွင် အမေရိကန်၏ ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ရန် လိုအပ်ပုံကို ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသော စပိန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ စစ်ဆေးရေးဂိတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးက မော်တော်ကားတစ်စီးကို ရှာဖွေစစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၂၇၀ အကွာ ဆမ်မာဝါမြို့ရှိ ဒတ်ချ်စစ်စခန်း၏ အဝင်ဂိတ်တွင် ဒတ်ချ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ထရပ်ကားများကို ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)





ဇန်နဝါရီ ၂၁ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့အနီးတွင်ဖြစ်ပွားသော ခုခံတိုက်ခိုက်မှုတစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ကာ ရှာဖွေမှုများ ပြုလုပ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၂ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် မီနီဘတ်စ်ဖြင့် ခရီးသွားနေစဉ် သေနတ်သမားများ ပစ်ခတ်သောကြောင့် သေဆုံးခဲ့ရသည့် အီရတ်အမျိုးသမီးတစ်ဦး၏ ဆွေမျိုးသားချင်းများ ပူဆွေးသောကရောက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ လုံခြုံရေး အာမခံချက် မရှိသော်လည်း အီရတ်သို့ကုလသမဂ္ဂဝန်ထမ်းများ ပြန်သွားရေး ဖြည်းဖြည်းချင်းဆောင်ရွက်နေ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂအတွက် လုံခြုံရေးအာမခံချက်နှင့် ရှင်းလင်းပြတ်သားသည့် လုပ်ငန်းစဉ် အခြေအနေကို ပြောဆိုရန် အမေရိကန်နှင့် အီရတ် တာဝန်ရှိပုဂ္ဂိုလ်များထံမှ ပြောဆိုမှု မရှိသေးသော်လည်း ကုလသမဂ္ဂ အဖွဲ့ကြီးသည် လုံခြုံရေးအာမခံချက် မရှိသေးသည့် အီရတ်နိုင်ငံသို့ ပြန်လည်သွားရောက်ရေးအတွက် တဖြည်းဖြည်းချင်း ဆောင်ရွက်နေသည်။

တွေ့ဆုံ

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ ပါဝင်လှုပ်ရှားနိုင်မည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၊ ဘဂ္ဂဒက်ရှိ အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များမှ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တနင်္လာနေ့က တွေ့ဆုံသည်။

သေဆုံးခဲ့ရ

အီရတ်နိုင်ငံရှိ ကုလသမဂ္ဂရုံးကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှု နှစ်ကြိမ်ဖြစ်ပွားပြီးနောက် ကိုဖီအာနန်သည် နိုင်ငံတကာ ဝန်ထမ်းများအားလုံးကို အီရတ်နိုင်ငံမှ အောက်တိုဘာလတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဗုံးဖောက်ခွဲမှု တစ်ကြိမ်တွင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂထိပ်တန်း သံတမန်ဆာဂျီယိုဒီမဲလိုး သေဆုံးခဲ့ရသည်။

စိုးရိမ်ပူပန်

သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အမေရိကန်နှင့် အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များသည် အနာဂတ်ကာလ၌ ကုလသမဂ္ဂဝန်ထမ်းများအတွက် လုံခြုံရေး အခြေအနေနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ အီရတ်နိုင်ငံသားများနှင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များက ရှင်းရှင်းလင်းလင်း ပြတ်သားစွာ ပြောကြားခြင်းမရှိပေ။ ယင်းကိစ္စနှစ်ရပ်စလုံးကို ကိုဖီအာနန်က စိုးရိမ်ပူပန်လျက်ရှိသည်။

အကူအညီပေးလို

အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂသည် လူသားချင်းစာနာထောက်ထားရေး၊ အကူအညီပေးရေး၊ ရွေးကောက်ပွဲများ ကျင်းပရေးနှင့် ယာယီအစိုးရဖွဲ့စည်းရေးတို့တွင် အကူအညီပေးလိုကြောင်းနှင့် လုံခြုံရေး အာမခံချက်နှင့် ရှင်းလင်းပြတ်သားသည့် လုပ်ငန်းစဉ်များ မရှိဘဲ ကုလသမဂ္ဂဝန်ထမ်းများ အီရတ်သို့ ပြန်လည် သွားရောက်ရေး ဆုံးဖြတ်ချက်ကို မိမိချမှတ်မည် မဟုတ်ကြောင်း အာနန်က ပြောကြားသည်။

ဆွေးနွေး

လုံခြုံရေး အခြေအနေ စိုးရိမ်မှုနှင့် ပတ်သက်၍ ကိုဖီအာနန်၏ လေသံပျော့ပျောင်းလာနှင့် ကုလသမဂ္ဂ အမှုထမ်းများ ပြန်လည်စေလွှတ်ရေး လုပ်ထုံးလုပ်နည်းများကို တနင်္လာနေ့၌ ကျင်းပသည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့မှုတို့ကြောင့် ကုလသမဂ္ဂသည် အီရတ်အရေးနှင့် ပတ်သက်၍ တဖြည်းဖြည်းချင်း လှုပ်ရှားနေသည့် လက္ခဏာများ တွေ့ရကြောင်း အကဲခတ်သမားများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



မိုဆူးလ်မြို့အနီး၌ လမ်းဘေးထောင်ထားသည့်ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအပါအဝင် လူကိုးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံမြောက်ပိုင်းတွင် လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က အမေရိကန် စစ်ယာဉ်တန်းအနီး၌ ပေါက်ကွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအပါအဝင် လူကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်စစ်ယာဉ်တန်း သုံးစီးဖြတ်သန်းသွားစဉ် ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ပြီး စစ်ယာဉ်တန်းနောက်မှ ကပ်လိုက်လာသည့် အရပ်ဘက် ကားနှစ်စီးကို ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ မိုဟာမက်ဟာနက်ရှ်က ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံသားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာမပြင်းထန်ကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ် ဝါဟက်အစ္စမေးလ်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် ယင်းပေါက်ကွဲမှုမှာ အီရတ်နိုင်ငံမိုဆူးလ်မြို့၏ အနောက်ဘက်တွင် ဖြစ်ပွားခဲ့သည်ဟု ၎င်းကပြောကြားခဲ့ပြီး အသေးစိတ် အချက်အလက်များကို ပြောကြားခြင်းမရှိပေ။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၃၆၅ကီလိုမီတာအကွာတွင် တည်ရှိသည်။

မကြာသေးမီလများအတွင်းက လမ်းဘေးထောင်သည့်ဗုံးများသည် အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်ရေးသမားများ အကြိုက်တွေ့သည့် လက်နက်တစ်ခု ဖြစ်သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာမရာမြို့အနီးတွင် လွန်ခဲ့သည့် နှစ်ရက်က လမ်းဘေးဗုံးကြောင့် ဒဏ်ရာရရှိခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာ တနင်္ဂနွေနေ့ သေဆုံးခဲ့သည်။

အင်တာနက်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေးတွင် အမေရိကန်၏ အခန်းကဏ္ဍမရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၂

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြားကြားဝင်ဆောင်ရွက်ပေးသည့် အမေရိကန်၏ အခန်းကဏ္ဍမရှိကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ရှုဝမ့်ဆင်းဟာက ပြောကြားလိုက်သည်။ ၎င်း၏ ပြောကြားချက်သည် အစ္စလမ္မာဘက် မြို့၌ အိန္ဒိယနှင့်ပါကစ္စတန်တို့၏ဆက်ဆံရေး တိုးတက်အောင်မြင်မှု ရရှိခြင်းသည် အမေရိကန်၏ နှစ်နှစ်ကြာ ကြိုးပမ်းအားထုတ်မှု၏ ရလဒ်ဖြစ်သည်ဟူသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် မကြာသေးမီက ပြောဆိုမှုနှင့် ဖီလာဆန့်ကျင် ဖြစ်နေသည်။

တက်ရောက်

အမေရိကန်တို့၏ အခန်းကဏ္ဍသည် နှစ်နိုင်ငံ ဆက်ဆံရေး အနေအထားနှင့် ရရှိခဲ့သည့် တိုးတက် အခြေအနေတို့ကို တီးခေါက်စူးစမ်းကြည့်သည့် မိတ်ဆွေနိုင်ငံ တစ်နိုင်ငံ၏ အခန်းကဏ္ဍသာဖြစ်ကြောင်း အင်္ဂါနေ့က ဝါရှင်တန်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆင်းဟာက ပြောကြားသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပါဝဲလ်လည်း တက်ရောက်သည်။

နှစ်နိုင်ငံဆက်ဆံရေး

အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေး၌ အမေရိကန်၏ အခန်းကဏ္ဍရှိ မရှိ မေးမြန်းရာတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ဆက်ဆံရေးတွင် မကြာသေးမီက ရရှိခဲ့သည့် အောင်မြင်မှုသည် အမေရိကန်က အိန္ဒိယနှင့် ပါကစ္စတန် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် နှစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည့် ရလဒ်ဖြစ်ကြောင်း လွန်ခဲ့မှု၏ သီတင်းပတ်က အမေရိကန် သတင်းနှင့် အစီရင်ခံစာစာစောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပါဝဲလ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ ပီတီအိုင်။

အာဖဂန်တောင်ပိုင်း၌ အမေရိကန်က ဗုံးကြဲဟုပြောကြား

ကဘူး ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း အုဇဂန်ဒေသ၌ အမေရိကန်တို့က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သောကြောင့် ဒေသခံရွာသား ၁၁ ဦး သေဆုံးခဲ့ရသည်ဆိုသည့် သတင်းကို အမေရိကန် စစ်ဖက်ဆိုင်ရာက ငြင်းဆိုခဲ့သည်။ သေဆုံးသူ ၁၁ ဦးထဲ၌ ကလေးငယ်လေးဦးလည်း ပါဝင်သည်။ အမေရိကန် ရဟတ်ယာဉ်များ၏ ဗုံးကြဲချခဲ့သည်ဟု ဒေသခံများက ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာများက အဆိုပါ ဒေသ၌ ယင်းနေ့က လေကြောင်းစီးနင်းတိုက်ခိုက်မှု သို့မဟုတ် ရဟတ်ယာဉ် ပျံသန်းမှုမျိုး မပြုလုပ်ခဲ့ကြောင်း အင်္ဂါနေ့ က ထုတ်ပြန်သည့် ကြေညာချက်တွင် ငြင်းဆိုပြောကြားခဲ့သည်ဟု အင်အိပ်ချ် ကေသတင်းဌာနက ဖော်ပြသည်။

အင်အိပ်ချ်ကေ။

အစောင့်အကြပ်ချထား

ဇန်နဝါရီ ၁၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်နှင့် အပေါင်းပါများ၏ဌာနချုပ် ဝင်ပေါက်ဝတွင် အစောင့်အကြပ်ထူထပ်စွာချထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၇ ရက်က လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီးနောက် ပျက်စီးသွားသည့် အမေရိကန် ဘရက်လေ တိုက်ခိုက်ရေးယာဉ်ကို သယ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်းမြို့သူမြို့သားများ အသက်ပိုရှည် ပျမ်းမျှသက်တမ်းနှစ်ဂဝနီးပါးသို့ ရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၂၂

တရုတ်ပြည် ပေကျင်းမြို့တော်တွင် ပျမ်းမျှသက်တမ်းသည် ၇၉ ဒသမ ၆၂နှစ်အထိဖြစ်လာကြောင်း ပေကျင်းမြူနီစီပါယ်ကျန်းမာရေးဌာနက တနင်္လာနေ့တွင်ထုတ်ပြန်သည့် စာရင်းများအရသိရသည်။

လွန်ခဲ့သည့်နှစ်က ပေကျင်းမြို့သားများအတွက် ပျမ်းမျှသက်တမ်းသည် ၇၈ ဒသမ ၁နှစ်နှင့် ပေကျင်းမြို့သူများအတွက် ၈၁ ဒသမ ၁၄နှစ်ဖြစ်ကြောင်း ပေကျင်းမြူနီစီပါယ်ကျန်းမာရေးဌာန ဒုတိယအကြီးအကဲ တိန့်ရှောင်ဟိန်က ပြောကြားသည်။

ပေကျင်းမြို့တွင် လွန်ခဲ့သည့်နှစ်က ကူးစက်ရောဂါများဖြစ်ပွားသူ ၅၉၃၄၂ဦးရှိရာ ၂၀၀၂ခုနှစ်ကထက် ၄၂ဒသမ ၈ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဝမ်းလျှောရောဂါ၊ အသည်းရောင်ရောဂါနှင့် တီဘီအဆုတ်ရောဂါတို့သည် အများဆုံးဖြစ်သည့် ကူးစက်ရောဂါများဖြစ်သည်။

ယမန်နှစ်စောစောပိုင်းက တရုတ်ပြည်ရှိ ပြည်နယ်နှင့် မြို့ကြီးအများအပြားတွင် ဖြစ်ပွားခဲ့သည့် ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ(ဆားစ်)သည် ပဉ္စမ မြောက် အများဆုံးကူးစက်ရောဂါဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အီရတ်ကလေးငယ်တစ်ဦး၏ ဦးခေါင်းထဲကျည်ဆန်ဝင်ခဲ့ ယခုအချိန်ထိ အမေရိကန်တို့က အရေးယူဆောင်ရွက်ပေးမှုမရှိသည့်အတွက် ဖခင်ဖြစ်သူက ဒေါသထွက်နေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်နေထိုင်သည့် အသက်လေးနှစ်အရွယ်ရှိ ဘာကာအလီဟူစိန်ဆိုသော ကလေးငယ်တစ်ဦး၏ဦးခေါင်းထဲကို အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်လိုက်သည့် သေနတ်ကျည်ဆန်တစ်တောင့် ဝင်သွားသည်။ အဆိုပါကလေးသည် အသက်မသေသော်လည်း ၎င်း၏ဦးခေါင်းအတွင်းတွင် ကျည်ဆန် ကျန်ရှိနေသည်။

လွန်ခဲ့သည့်နှစ်မေလအတွင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် နေရာတစ်ဝိုက်ကို အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်များဖြင့်ပစ်ခတ်ခဲ့ရာ အနီးတွင် ဆော့ကစားနေသည့် ဘာကာကို ကျည်ဆန်ထိမှန်သွားခဲ့ပြီး ကျည်ဆန်သည် ၎င်း၏ဦးနှောက်အတွင်း ကျန်ရှိနေသောကြောင့် ကလေးငယ်၏ခြေထောက်သည် ကောင်းမွန်စွာ မရပ်နိုင်သည့်အပြင် မျက်စိနှင့်နားလည်း တစ်ဖက်စီသာ မြင်ရ၊ ကြားရကြောင်း သိရသည်။

ပူဆွေး

ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန် တပ်ဖွဲ့ဝင်များက ဘာကာ၏မိသားစုကို တောင်းပန်ကာ ဆေးဝါးကုသပေးမည်ဟု ကတိပြုခဲ့သော်လည်း ယခုအချိန်အထိ ဘာမျှဆောင်ရွက်မပေးသောကြောင့် ဘာကာ၏ ဖခင်ဖြစ်သူမှာ အမေရိကန်တို့အပေါ် အယုံအကြည်မရှိတော့ဘဲ ဒေါသဖြစ်ကာ သားဖြစ်သူအတွက် ဝမ်းနည်းပူဆွေးလျက်ရှိသည်။

ဆေးကုသမှု

ယင်းအချိန်အတောအတွင်းမှာပင် အဆိုပါကိစ္စကို အီရတ်နိုင်ငံရှိ ဂရိသံရုံးက သိရှိသွားခဲ့ပြီး အီရတ်နိုင်ငံဆိုင်ရာ ဂရိသံအမတ်ကြီးက ဘာကာနှင့်ဖခင်ဖြစ်သူတို့ကို ခေါ်ယူတွေ့ဆုံကာ ကလေးငယ် ဆေးကုသမှု ခံယူနိုင်ရေးအတွက် ခရီးစရိတ်နှင့် ဆေးကုသစရိတ်ကို ဂရိအစိုးရက စီစဉ်လျက်ရှိကြောင်းသိရသည်။

အစီအစဉ်အားလုံးပြီးစီးပါက ယခုသီတင်းပတ်အတွင်းမှာပင် အေသင်မြို့သို့ ၎င်းတို့သားအဖ သွားရောက်နိုင်မည်ဖြစ်ခြင်းကြောင့် ဘာကာ၏ဘဝရှေ့ရေးအတွက် ၎င်း၏မိသားစုက များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***



တည်ငြိမ်မှုမရှိ

ဇန်နဝါရီ ၂၀ ရက်က အီရတ်နိုင်ငံ ဒိုရာ ရေနံချက်စက်ရုံ မန်နေဂျင်း ဒါရိုက်တာ အယ်ခါရှက်က ရေနံထုတ်လုပ်မှု တည်ငြိမ်မှုမရှိကြောင်းကို အခြေပြပုံဖြင့် ပြသနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ ကုလဝန်ထမ်းများမစေလွှတ်မီ လုံခြုံရေးသည် အလွန်အရေးပါကြောင်း ကိုဖီအာနန် အလေးအနက်ထားပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံတွင် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် အချိန်တိုတိုတောင်းတောင်းဖြင့် တိုက်ရိုက်ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း ရှိ၊ မရှိကို ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့က လေ့လာသုံးသပ်သင့်သည်ဆိုသော အမေရိကန်နှင့် အီရတ်တို့၏ မေတ္တာရပ်ခံချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က သတိရှိရှိဖြင့် ထောက်ခံလိုက်သည်။

သို့ရာတွင် တနင်္လာနေ့က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဘေးအန္တရာယ်မရှိဆိုသည့် အာမခံချက်ရရှိရန် ကနဦးလိုအပ်ကြောင်း အာနန်က ပြောကြားသည်။ ယင်းကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံသား အများစု အပါအဝင် လူ ၃၁ ဦး သေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပနိုင်ဖွယ် အနေအထားကို လေ့လာရေးအတွက် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို စေလွှတ်ရန် အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက အာနန်အား တနင်္လာနေ့က မေတ္တာရပ်ခံခဲ့သည်။ လုံခြုံရေးကောင်စီဝင်နိုင်ငံများမှ သံတမန်များသည် အာနန်နှင့် နောက်ပိုင်းတွင် ကျင်းပသည့် ဆွေးနွေးပွဲများ၌ ယင်းအစီအစဉ်ကို ထောက်ခံခဲ့ကြသည်။

ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ ရရှိရန် လိုလားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသော်လည်း ယင်းကိစ္စသည် အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်ဆိုခြင်းကိုမူ ဝန်ခံပြောကြားပြီး ဆုံးဖြတ်ချက် အလျင်အမြန် ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

အကယ်၍ ယခုအဆင့်၌ အလွဲလွဲအချော်ချော်ဖြစ်လျှင် ပိုမိုခက်ခဲသွားနိုင်ပြီး နောက်တစ်ဆင့်သို့ မရောက်နိုင်ဘဲ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ တတ်နိုင်သလောက် အကူအညီပေးနိုင်ရန် အလွန်အမင်း အရေးပါကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အီရတ်နိုင်ငံသို့ ရွေးကောက်ပွဲကျွမ်းကျင်သူများ စေလွှတ်ရေးကို မိမိ အတည်ပြုပေးမည်ဖြစ်ကြောင်း အာနန်က တနင်္လာနေ့တွင် အရိပ်အမြွက် ပြောကြားသော်လည်း အီရတ်၌ ကုလသမဂ္ဂဝန်ထမ်းများ မဖြန့်ချမီ လုံခြုံရေးသည် အလွန်အရေးပါကြောင်း အလေးအနက်ထား ပြောကြားသည်။ ***အင်တာနက်။***

အထိန်းသိမ်းခံ အီရတ်များကိုညှဉ်းပန်းမှု စုံစမ်းစစ်ဆေးနေ

ဝါရှင်တန် ဇန်နဝါရီ ၂၂

ထိန်းသိမ်းခံနေရသည့် အီရတ်များကို အမေရိကန် တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်ပြီး အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပင်တဂွန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါကိစ္စသည် ဘဂ္ဂဒက်ရှိ အက်ဘီရိ အကျဉ်းထောင်တွင် ဖြစ်ပွားခဲ့သည်ဟု သိရသည်။

အမေရိကန်စစ်ရဲအချို့သည် အီရတ်အကျဉ်းသားများနှင့် ဓာတ်ပုံရိုက်ကူးထားသည်ဟု သတင်းများအရသိရပြီး အဆိုပါဓာတ်ပုံကို စစ်ဘက်ဆိုင်ရာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့က ရှာဖွေလျက်ရှိပြီး ယင်းကိစ္စတွင် အမျိုးသားတပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးတပ်ဖွဲ့ဝင်များပါ ပါဝင်ကြောင်း သိရသည်။ ယင်းကိစ္စကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြသည်။ ***စီအင်န်အင်န်။***

ဇန်နဝါရီ ၁၇ ရက်က လမ်းဘေး ထောင်ထားသည့် ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသည့် အမေရိကန် ဘရက်လေ တိုက်ခိုက်ရေးယာဉ်၏ အစိတ်အပိုင်းများကို ကိုင်ဆောင်ထားသည့် အီရတ်အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ကမ္ဘာ့လူမှုရေးဖိုရမ် ကျင်းပပြီးစီး စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ပြုလုပ်

မွမ်ဘိုင်း ဇန်နဝါရီ ၂၂

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ရေးသမားများက ဗုဒ္ဓဟူးနေ့တွင် ချီတက်ဆန္ဒပြကြသည်။

ဆန္ဒပြသမားများသည် လှည့်လည်ချီတက်ရင်း "စစ်ကိုအလိုမရှိ"၊ "ဂျော့ဂျ်ဘုရှ် အကြမ်းဖက်သမား" စသည့် ကြွေးကြော်သံများကို တက်ကြွစွာ အော်ဟစ်ချီတက်လာကြသည်။ ထို့ပြင် "အမေရိကန်နှင့် ဗြိတိန်တပ်များ အီရတ်မှ ခုထွက်သွား" ဟူသော ဆိုင်းဘုတ်ကလေးများကို လည်း ကိုင်ဆောင်လာကြသည်ဟု ဆိုသည်။

အီရတ်စစ်ပွဲမှာ တရားမျှတသည့် စစ်ပွဲမဟုတ်ကြောင်း၊ မိမိသည် အမေရိကန်တို့အပေါ် ဒေါသထွက်မိကြောင်း၊ အီရတ်တွင် လူအများအပြား သေဆုံးကြရကြောင်း၊ ဤဆန္ဒပြချီတက်ပွဲက ထူးခြားမှုတစ်ရပ်ကို ဖြစ်ပေါ်စေမည်ဟု မိမိမျှော်လင့်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ အီရတ်မှ ထွက်သွားရမည်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူ မွန်းမျန်ဂျူးက ပြောကြားလိုက်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့လူမှုရေးဖိုရမ်မှာ ခြောက်ရက်ကြာ စည်းဝေးပြီးနောက် ကြေညာချက်တစ်စုံတစ်ရာ မထုတ်ပြန်ဘဲ ပြီးဆုံးသွားသည်။

ဆန္ဒပြချီတက်ပွဲ စည်းရုံးရေးကော်မတီဝင် တစ်ယောက်ဖြစ်သူ ဗစ်တိုရီယိုက "မိမိတို့သည် အီရတ်အား အမေရိကန် သိမ်းပိုက်မှုကို ဆန့်ကျင်ကြောင်း၊ မိမိတို့သည် စစ်ပွဲကို အလိုမရှိကြောင်း၊ မိမိတို့သည် ကမ္ဘာပေါ်ရှိ ပြည်သူအားလုံး လွတ်လပ်ရေးရရှိစေလိုကြောင်း"ဖြင့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်အရေးတွင် ကုလသမဂ္ဂပါဝင်လာစေရေး အမေရိကန်တို့ဘက်မှ အလျှော့ပေးမှုများလိုအပ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

စစ်ပြီးကာလ အီရတ်နိုင်ငံရေးကိစ္စတွင် ကုလသမဂ္ဂ ပါဝင်လာစေရေးအတွက် အမေရိကန်တို့ ကြိုးပမ်းလျက်ရှိရာ အမေရိကန်တို့ဘက်က အလျှော့ပေးမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ဝေဖန်သူများက ပြောကြားခဲ့သည်။

သုတေသီတစ်ဦးက သုံးသပ်ပြောကြားရာတွင်အီရတ်ကိစ္စ၌အကောင်းဆုံးဖြေရှင်းနည်းမှာ ကုလသမဂ္ဂ ပါဝင်ဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ အမေရိကန်တို့က ကျူးကျော်သူ အင်အားစုအနေဖြင့် အာဏာကို ဆုပ်ကိုင်ထားလိုပြီး တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂ၏ ထောက်ခံမှုကိုလည်း လိုလားနေသည်။

ယင်းအချက်များကြောင့် ကုလသမဂ္ဂကို ပါဝင်ဆောင်ရွက်စေလိုလျှင် အမေရိကန်တို့က ချုပ်ထိန်းမှုတစ်ချို့ကို စွန့်လွှတ်သင့်ပြီး ကုလသမဂ္ဂက လုပ်ငန်းစဉ်အသစ်ရွေးချယ်ကာ ဆောင်ရွက်ခွင့်ပေးမှ ရည်ရွယ်ချက်အောင်မြင်နိုင်ကြောင်း ပြောကြားခဲ့သည်။ ***စီအင်န်အင်န်။***

ရော်ဘာဈေးနှုန်းများ တည်ငြိမ်ရေးနည်းလမ်း ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ တွေ့ဆုံဆွေးနွေးမည်

ဗန်ကောက် ဇန်နဝါရီ ၂၂

ကမ္ဘာပေါ်တွင် သဘာဝရော်ဘာအများဆုံး ထုတ်လုပ်သည့် နိုင်ငံသုံးနိုင်ငံဖြစ်သော ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ ကိုယ်စားလှယ်များသည် ကမ္ဘာ့ရော်ဘာဈေးကွက်၌ ရော်ဘာဈေးနှုန်းများ တည်ငြိမ်ရေးနည်းလမ်းများကို ထိုင်းနိုင်ငံ ဆွန်ခလာပြည်နယ်တွင် တရားဝင်ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း ဘစ္စနက်ဒေးဝက်ဘ်ဆိုက်က တနင်္လာနေ့တွင်ဖော်ပြသည်။

မူဘောင်အစီအစဉ်

အဆိုပါသုံးနိုင်ငံမှ ဝါရင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ရေရှည်ကာလတွင် တစ်ကီလိုဂရမ်လျှင် အမေရိကန်တစ်ဒေါ်လာပင် မပြည့်သည့်နှုန်းဖြင့် သဘာဝရော်ဘာဈေးနှုန်းကို ထိန်းထားနိုင်ရေးအတွက် မူဘောင်အစီအစဉ်ကို ဖြေရှင်းရန် ဖေဖော်ဝါရီလတွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သစ္စာလေးပါးတရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့ သဇင်ရေကျော်ကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ကောလိတ(အနိုင်းမဲ့ရတနာ)အရှင်သူမြတ်သည် ပန်းတနော်မြို့နယ် ဝေယျံကျွန်းဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မရိပ်သာတွင် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ခုနစ်ရက်တိုင်တိုင် မိုးကုတ်ဝိပဿနာပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြိုးပြိုချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သတင်းအချက်အလက်နည်းပညာ သမိုင်းကြောင်းလေ့လာသုံးသပ်ချက်

အောင်
(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ယမန်နေ့မှအဆက်

ICT Award

ICT Industry ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ တီထွင်ဖန်တီးမှုများအား အားပေးချီးမြှောက်ရန် အတွက်လည်းကောင်း၊ Industry အတွင်းရှိ Company များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ယင်းပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည့်အတွက် နိုင်ငံတကာအတွေ့အကြုံနှင့် အဆက်အသွယ်အခွင့်အလမ်းများ ပိုမိုရရှိစေရန်လည်းကောင်း ရည်ရွယ်လျက် ICT Award ဆုချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၀၂ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၀၃ ခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပနိုင်ခဲ့ပါသည်။

Education,Heath, Security, e-Government, Industrial Application, Business, e-Commerce. Tourism, Communication Application, Entertainment Application, Student Project စသဖြင့် ကဏ္ဍ ၁၀ ရပ်တွင် ယှဉ်ပြိုင်ခဲ့စေရာ ပထမအကြိမ်တွင် ကျောင်းသားအဆင့် ၈၆ ဦး၊ ပညာရှင်အဆင့် ၂၈ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၁၁၄ ဦးနှင့် ဒုတိယ အကြိမ်တွင် ပညာရှင်အဆင့် ပြိုင်ပွဲဝင် ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်ယှဉ်ပြိုင်သူ များပြားလာသကဲ့သို့ Product အရည်အသွေးများပါ တိုးတက်လာသည်ကို တွေ့ရှိရပြီး ပထမပြိုင်ပွဲတွင် ကဏ္ဍငါးခုအတွက် ဆုခြောက်ဆု ချီးမြှင့်နိုင်ခဲ့ပြီး ဒုတိယပြိုင်ပွဲတွင် ကဏ္ဍလေးခုအတွက် ဆုငါးခု ချီးမြှင့်နိုင်ခဲ့ပါသည်။

ယင်းမှတစ်ဆင့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော တတိယနှင့် စတုတ္ထအကြိမ်မြောက် (APICTA) Asian Pacific ICT Award ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေခဲ့ရာ အထူးဆုတစ်ဆုစီ ရရှိခဲ့ပါသည်။

ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများသည် နည်းပညာ ကူးပြောင်းရောက်ရှိရေးနှင့် ITနည်းပညာဖြန့်ဖြူးရေး (Technology Transfer & IT Knowledge Distribution)ကို အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော နည်းပညာနှင့် လိုက်လျောညီထွေ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ ထောက်ပံ့မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြပွဲများ၊ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါသည်။

MICT Park ဖွင့်လှစ်ပြီးသည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ICT ဆိုင်ရာ Workshop Seminar,Forum, Training ပေါင်း ၁၇၁ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး လူပေါင်း ၁၄၀၀၀ နီးပါး တက်ရောက်ခဲ့သည့်အတွက် ယခုနှစ်အတွင်း နှစ်ဆနီးပါး တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာသင်ဆုများ

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Technology Transferကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေးအတွက် နိုင်ငံခြားအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အထောက်အပံ့ဖြင့် နိုင်ငံခြားပညာတော်သင်များ စေလွှတ်နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

၁။ CICC

(က) ၁၉၉၈ ခုနှစ်မှစ၍ CICC အစီအစဉ်အရ ဂျပန်နိုင်ငံသို့ ပညာတော်သင်စုစုပေါင်း ၂၁ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ပညာတော်သင်ခုနစ်ဦး စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။

(ဂ) ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ ဦး စေလွှတ်ရန် ရွေးချယ်တင်ပြထားပြီး ဖြစ်ပါသည်။

၂။ AOTS

(က) ၁၉၉၈ခုနှစ်မှစ၍ AOTS အစီအစဉ်အရ ဂျပန်နိုင်ငံသို့ ပညာတော်သင် စုစုပေါင်း ၁၅ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ပညာတော်သင် ၂၀ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ အခြားအစီအစဉ်များ

AOTS အစီအစဉ်အရ On JobTraining(OJT)ကို ၂၀၀၂ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပညာတော်သင်ခုနစ်ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပညာတော်သင်ခြောက်ဦး ရွေးချယ်ထားပြီးဖြစ်ပါသည်။

၁၉၉၈ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်စုစုပေါင်း ၁၇ ဦး ရွေးချယ်စေလွှတ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် India Technical and Economic Cooperation Programme (ITEC) အတွက် ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင် ပညာတော်သင် ၁၇ ဦး ရွေးချယ်စေလွှတ်ခဲ့ပါသည်။

Exam များ

ICTဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ (Infrastructure) နှင့် ICT လူ့စွမ်းအား အရင်းအမြစ် (Human Resource Development)တို့ကို ဟန်ချက်ညီညီ ဖြည့်ဆည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားရုံမျှမကဘဲ ပြည်တွင်းနှင့် နိုင်ငံတကာစနစ်များနှင့်အညီ အဆင့်မီအောင် မွေးထုတ်ပေးရန်မှာလည်း လွန်စွာအရေးကြီးလှပေသည်။

သို့အတွက် MCSA ICT Professional Exam (မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ICT အသက်မွေးဝမ်းကျောင်း ပညာရှင်စာမေးပွဲ)နှင့် Japan-Myanmar Cross Certification Exam(ဂျပန်-မြန်မာ အပြန်အလှန် အသိအမှတ်ပြုစာမေးပွဲ)တို့ကို စနစ်တကျ စစ်ဆေးလျက်ရှိပေသည်။

ပထမဦးဆုံး ကျင်းပသောစာမေးပွဲတွင် မြန်မာနိုင်ငံမှ ၁၃၂ ဦးဖြေဆိုရာ ငါးဦးအောင်မြင်ခဲ့သည်။ ယခု ဒုတိယအကြိမ်တွင် ၁၈၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်စာရင်း စောင့်ဆိုင်းဆဲဖြစ်သည်။ ယင်းစာမေးပွဲများမှာ ဂျပန်နိုင်ငံတွင် ၁၀ ရာခိုင်နှုန်းသာ အမြင့်ဆုံးအောင်မြင်ကြကြောင်း သိရှိရသည်။

e-Learning Center

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် ITပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတကာ အဆင့်မီ ကွန်ပျူတာသင်တန်းများကို ပြုလုပ်နိုင်ရန် AOTSနှင့် ပူးပေါင်းဆောင်ရွက်ပြီး Myanmar Japan e-Learning Center တစ်ခုကို MICT Park တွင် တည်ထောင်ခဲ့၍ ၁၉-၁၀-၂၀၀၂ နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်း e-Learning Centerတွင် ဂျပန်နိုင်ငံမှ ကွန်ပျူတာ အလုံး ၁၃၀ ပေးပို့ခဲ့ပြီး AOTSအစီအစဉ်ဖြင့် ITသင်တန်းများကို ဂျပန်၊ စင်ကာပူနှင့် သီရိလင်္ကာနိုင်ငံမှ ပညာရှင်များ လာရောက် ပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းအားလုံးတို့ကို မြန်မာနိုင်ငံ အီးအမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် ဂျပန်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (METI)တို့ နားလည်မှု စာချွန်လွှာအရ ဂျပန်နိုင်ငံ The Association of Overseas Technical Scholarship (AOTS)မှ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Myanmar Economic and Management Institute (MEMI)တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ MICT Park ဒုတိယအထပ်၊ အခန်းအမှတ်(၂၀၂)တွင် ICT Professional သင်တန်းအတွက် Multimedia PC ၃၀ လုံးနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်အသုံးပြုခဲ့ပါသည်။

မြန်မာ-ဂျပန် e-Learning Center သင်တန်းများအတွက် User ပေါင်း ၂၅၀ အထိ သုံးနိုင်သော Internet Connectionကို Bagan Cybertech မှ ပံ့ပိုးကူညီပေးခဲ့ပြီးဖြစ်ပါသည်။

Resource Center

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် Information Technology ဖွံ့ဖြိုးတိုးတက်ရေးနှင့် ITပညာရှင်များ လေ့လာဆည်းပူးနိုင်ရန်အတွက် Resource Center တစ်ခုထူထောင်ခဲ့ပြီး ကွန်ပျူတာပညာဆိုင်ရာ စာအုပ်စာတမ်းများ၊ CDများ၊ ကွန်ပျူတာများထားရှိလျက် Internet ကြည့်ရှုနိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Resource Cente ကို MICT Park ၏ Main Building အပေါ်ဆုံးထပ်တွင် ဖွင့်လှစ်ထားရှိပြီး စာအုပ်စာတမ်းများ၊ CDများ ငှားရမ်းဖတ်ရှုနိုင်ရုံသာမက လစဉ်ထုတ် နိုင်ငံတကာမှ ICT ဆိုင်ရာမဂ္ဂဇင်းများ၊ Online Reference Site များ၊ ပညာရပ်ဆိုင်ရာ/ဘာသာရပ်ဆိုင်ရာ Reference များ အစရှိသဖြင့် စုံလင်စွာကြည့်ရှု၍ လေ့လာနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

IT Caravan

ပြည်သူလူထုများ ICTဆိုင်ရာ Awareness ရရှိစေရန်ရည်ရွယ်ပြီး IT Caravan ခရီးစဉ် (နယ်လှည့်ကွန်ပျူတာဟောပြောပွဲနှင့် သရုပ်ပြပွဲ) အစီအစဉ်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင်တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ပြီးဖြစ်ပါသည်။

ပထမအကြိမ်တွင် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းများသို့ နှစ်ပတ်ကြာနှင့် ဒုတိယအကြိမ်တွင် ဧရာဝတီတိုင်း ခြောက်မြို့နယ်သို့ တစ်ပတ်ကြာ လှည့်လည်ပြီး ဟောပြောပွဲများ၊ အင်တာနက်နှင့် လက်တွေ့ အသုံးချမှုဆိုင်ရာ သရုပ်ပြပွဲများကို ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကမကထပြုလုပ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော IT Caravan ခရီးစဉ်အား Bagan Cybertech နှင့် အခြားသော ICT ကုမ္ပဏီများက အကူအညီများစွာ ပေးခဲ့ကြသည်။

ဤအစီအစဉ်များစွာ အောင်မြင်ပြီး အကျိုးကျေးဇူးရှိစေသည့်အတွက် နိုင်ငံတော်က မော်တော်ကားနှစ်စီးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ရန် စီစဉ်လျက်ရှိပါသည်။ နောင်တွင် တိုင်းနှင့်ပြည်နယ်များအလိုက် စီစဉ်ထားရှိပြီး အစဉ်အဆက်မပြတ် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

Budget PC

ICT ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံး Awareness များရရှိရန်၊ Internet ကို လက်လှမ်းမီရုံသာမကICT ဆိုင်ရာလုပ်ငန်းများ လက်တွေ့လုပ်ကိုင်နိုင်ရန်အတွက် ကွန်ပျူတာများအား ဈေးသက်သာစွာ အသုံးပြုနိုင်ရန်မှာလည်း အရေးကြီးလှပေသည်။

သို့အတွက် ခေတ်ပေါ်ကွန်ပျူတာများအား ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် Budget PC Project ကို MICTDC က အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ယင်း Project အရ ပြည်သူလူထုအား ကွန်ပျူတာတစ်လုံးနှင့် ယခုပေါက်ဈေးထက်ဝက်မှ သုံးပုံနှစ်ပုံသောဈေးနှုန်းဖြင့် ရောင်းချနိုင်မည်ဖြစ်ပါသည်။

Master Plan

ICT Master Plan 2010 ကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြထားပြီးဖြစ်ပါသည်။ Master Plan ကို အကောင်အထည်ဖော်နိုင်ရန်အတွက် Action Plan အသေးစိတ်စီမံချက်များကို ရေးဆွဲလျက်ရှိပါသည်။

နိဂုံး

(၁၉) ကြိမ်မြောက် ASOCIO ထိပ်သီးအစည်းအဝေးနှင့် အထွေထွေညီလာခံကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည်။ယင်းထိပ်သီးအစည်းအဝေးနှင့် အထွေထွေညီလာခံတွင် ၂၀၀၃ ခုနှစ်အတွက် ASOCIO ICT AWARD-2003 အနေဖြင့် လူပုဂ္ဂိုလ်ဆုကို ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ချီးမြှင့်ခဲ့ပြီး အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) အား ချီးမြှင့်ခဲ့သည်။ Asian Oceanian Computing Industry Organization (ASOCIO)သည် မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံပေါင်း ၂၃ နိုင်ငံမှ Computer Industry အသင်းများဖြင့် ဖွဲ့စည်းထားပြီး ICT ကုမ္ပဏီပေါင်း တစ်သောင်းကျော် ကိုယ်စားပြုပါဝင်သည်။ ASOCIO သည် ICT လုပ်ငန်းဆိုင်ရာ ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ Government ICT Industry နှင့် Community တို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ပေးလျက်ရှိသည်။

၂၀၀၃ ခုနှစ်တွင် ချီးမြှင့်သည့် ASOCIO ICT AWARD ဆုများတွင် မြန်မာနိုင်ငံအနေဖြင့် လူပုဂ္ဂိုလ်ဆုနှင့် အဖွဲ့အစည်းဆုနှစ်ဆုရရှိခဲ့သည်မှာ များစွာဂုဏ်ယူဖွယ်ရာကောင်းလှပါသည်။ ဤအခြေအနေက မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျမကျန်ရစ်စေရန် နိုင်ငံတော်အစိုးရနှင့် ကွန်ပျူတာပညာရှင်များ ကြိုးပမ်းအားထုတ်မှုတစ်ရပ်၏ ရလဒ်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်များ၊ ဖြစ်ထွန်းမှု၊ အောင်မြင်မှုများကို ကြည့်ခြင်းအားဖြင့် အချိန်တိုကာလအတွင်း မြန်မာနိုင်ငံ၏ ICT သည် အိမ်နီးနားချင်းနိုင်ငံများနှင့်အတူ အမီလိုက်နိုင်ရန် အရှိန်အဟုန်ကောင်းများ ရရှိနေပြီဟု ဆိုရပေမည်။

ယနေ့မြန်မာလူငယ်များသည် ဉာဏ်ရည်ထက်မြက်သူများဖြစ်ကြရာ နိုင်ငံတော်အစိုးရ၏ မြေတောင်မြှောက် အားပေးမှုကိုခံယူရင်း မလျှော့သောလုံ့လဖြင့် ကြိုးစားအားထုတ်သွားပါက အာဆီယံနိုင်ငံများအတွင်း ICT ပညာရပ်တွင် ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံလည်း ပါဝင်လာမည်မှာ သေချာပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် ဝိသုဒ္ဓိ(၇)ပါး ရထား(၇)စီး ဥပမာ**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၅ ၇။မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က) ပထမနှစ် (ပထဝီဝင်)
  (ခ) ပထမနှစ် (အရှေ့တိုင်းပညာ)
- ၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော်ဖွယ်သရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် အပိုင်း(၂၀) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  ၂၁။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု
  ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လွှိုပုနှင့် သောင်းချမ် အပိုင်း(၂၄)**
  ၂၃။ သင့်အတွက်မနက်ဖြန်
  ၂၄။ အပိတ်နှုတ်ဆက်စကား
  ၂၅။ ပြီးပါပြီ

ကံမြင့်ကျောင်းတိုက် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ အရှင်ဆေကိန္ဒသည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်း အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဇန်နဝါရီ၂၄ ရက်မှ ဖေဖော်ဝါရီ၂ ရက်အထိ ညစဉ် ၆ နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာအမျိုးသမီးများနှင့် အသားအရေစိုပြည်လှပခြင်း

ဒေါက်တာမြင့်မြင့်ကြီး
(အရေပြားရောဂါအထူးကုဆရာဝန်ကြီး)

အရေပြားရောဂါမရရှိဘဲ စိုပြည်လှပလာစေရန်အတွက် အရေပြားကို စောင့်ရှောက်ကြတော့မည်ဆိုလျှင် ကျွန်မတို့ အမျိုးသမီးများသည် များသောအားဖြင့် အလှကုန်များ သုံးခြင်းသည်သာ အရေပြားကို ပိုမိုလှပသန့်ရှင်းစိုပြည်စေသည်ဟု ယူဆကြပါသည်။ ကျွန်မတို့ငယ်စဉ်က မြန်မာနိုင်ငံ၌ ထုတ်လုပ်သော ဘားမားစနိုး၊ တြိရတနစသည်တို့သာ ရှိကြသည်။ နိုင်ငံခြားဖြစ်များ ရှိသော်လည်း အမျိုးအမည်များများ မရှိခဲ့ပါ။ ယခုအခါ၌ မိမိလိုချင်သည့် အလှကုန်အမျိုးမျိုးကို ဝယ်ယူရရှိနိုင်ပါသည်။ နိုင်ငံခြားသို့သွားဝယ်ရန် မလိုတော့ပါ။လွယ်လွယ်ကူကူရရှိ၍ အလှကုန်ကို အသုံးများလာကြပါသည်။

အလှကုန်အမျိုးမျိုးကို ပိုမိုသုံးစွဲလာကြပါသော်လည်း မြန်မာအမျိုးသမီးများ၏ အသားအရေလှပမှုမှာ တိုးတက်လာခြင်း နည်းပါးနေပါသည်။ ယှဉ်ကြည့်ပါက မြန်မာအမျိုးသမီးအများစု၏ မျက်နှာတွင် အမည်းကွက်၊ အစက်အပြောက်များဖြင့် လှသင့်သလောက် မလှသည်ကို တွေ့ရပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် အလှပြင်ဆင်နည်းမျိုးစုံနှင့် မှန်ကန်သော အလှကုန်သုံးစွဲနည်းများဖြင့် သုံးစွဲနေကြပြီဖြစ်ပါသည်။ ရှေးယခင်ကတည်းက နံပါတ်တစ်ပြေးခဲ့သော ကျွန်မတို့ မြန်မာအမျိုးသမီးများ၏ အသားအရေအလှကို စံချိန်မီ ပြန်လည်ထိန်းသိမ်းရန် အချိန်ရောက်ပြီဟု ယူဆပါသည်။

ဆေးရုံသို့ လာရောက်တိုင်ပင်ကြသော မိတ်ဆွေများကလည်း မည်သည့်အလှကုန် ဝယ်ယူရမလဲဟု အရေပြားဆရာဝန်ကို မေးလေ့ရှိပါသည်။ အရေပြားဆရာဝန်ကသာ ညွှန်းလိုက်ပါက ဘယ်လောက်ဈေးကြီးကြီး အမှန်တကယ် လှလာမည်ဟု ယုံကြည်ပြီး ဝယ်ယူကြမည်ဖြစ်ပါသည်။

အလှကုန်ပစ္စည်းများသည် ဆေးမဟုတ်သဖြင့် ဆေးဝါးကဲ့သို့ ဥပဒေပြဋ္ဌာန်း၍ ကွပ်ကဲကြပ်မတ်ခြင်း နည်းပါသည်။ အလှကုန်ဝယ်ယူသုံးစွဲကြခြင်းမှာ အပေါင်ပစ္စည်းမရဘဲ ငွေချေးစားရသူနှင့် တူပါသည်။ လှလာစေရမည်ဆိုသော အတိုးအညွှန်းကို မျှော်လင့်ပြီး ငွေကိုသုံးစွဲရပါသည်။ အမှန်တကယ် လှလာပါလျှင် ကျေနပ်ရပြီး မလှလာပါဘဲ အရေပြားပျက်စီးလာပါက အတိုးမရဘဲ အရင်းရှုံးသည့် ဥပမာမျိုးဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသမီးများ သုံးစွဲသင့်သော အလှကုန်ပစ္စည်းများအကြောင်း အနည်းငယ် ရှင်းပြလိုပါသည်။ အမျိုးသမီးတိုင်းသည် သဘာဝအတိုင်း အိုမင်းလာမှုမမြင့်မားစေရန် Sunblock/screen ခေါ် နေကာဆေးပါဝင်သောပစ္စည်းကို နံနက်တိုင်းထည့်၍ သုံးစွဲသင့်ပါသည်။ ထီး၊ဦးထုပ်ဆောင်းသင့်ပါသည်။ တစ်နေ့လုံး အလှပြင်ခိုင်းထားသော အရေပြားကို ညစဉ်အနားပေး ပြန်လည်စောင့်ရှောက်ရန်အတွက် အရေပြားနုပျိုလန်းဆန်းစေသည့် Revitalising Cream အမျိုးမျိုးကို မိမိတို့ဆရာဝန်ညွှန်ကြားသည့်အတိုင်း သုံးစွဲသင့်ပါသည်။ အရေပြားဟုဆိုလျှင် ဆံပင်နှင့် လက်သည်း၊ ခြေသည်းလည်း ပါဝင်ပါသည်။ ထို့ကြောင့် အများသုံးစွဲကြသော အလှကုန်အချို့ကို ရွေးချယ်ရာတွင် အကူအညီဖြစ်စေမည့် အသုံးအနှုန်းများကို ရှင်းပြလိုပါသည်။

အလှကုန်ပုလင်းများ၌ ကြော်ငြာရေးသားထားသော Non allergic (အရေပြားနှင့် မတည့်မှုမဖြစ်) အလာဂျီမဖြစ်နိုင်ဟုဆိုလိုပါသည်။ လုံးဝ အလာဂျီမဖြစ်နိုင်ဟု ဆိုသည်မှာ မဖြစ်နိုင်ပါ။ Dematologist tested အရေပြားဆရာဝန်က စမ်းသပ်ပြီးဟုဆိုလိုပါသည်။ မည်သို့သော အရေပြားဆရာဝန်က မည်ကဲ့သို့ စမ်းသပ်ထားသည်ကို မှန်းဆနားလည်ရမည် ဖြစ်ပါသည်။ အေးသောအရပ်မှ ဆရာဝန်သည် သူ့အရပ်ရာသီဥတု၊သူ့လူမျိုး Life Style ပေါ်မူတည်ပြီးသာ စမ်းသပ်ထားတတ်ပါသည်။ UV Protection , Sunblock, Sun screen, Suncover ဟု အမျိုးမျိုးရေးသားကြခြင်းသည် နေရောင်ဒဏ်မှ ကာကွယ်ပေးသည်ဟု ဆိုလိုပါ၍ နံနက်နှင့် နေ့လယ်၌ သုံးရန်ပိုကောင်းသည်ဟု ဆိုလိုပါသည်။ သို့သော် အချိန်မည်မျှကာကွယ်ပေးသည်ကိုမူ S.P.F အတိအကျ ပါဝင်ပါမှ တွက်ချက်နိုင်ပါမည်။ မဖော်ပြထားလျှင် S.P.F 15 ဟုသာ ပြောကြပါသည်။ မိမိ၏ Life Style နှင့် တစ်နေ့တာအလုပ်ပေါ်တွင် မူတည်၍ ရွေးချယ်ရပါသည်။ အနောက်နိုင်ငံများက နံပါတ်နှင့်ဖော်ပြပြီး ဥရောပဘက်မှလာသော ပစ္စည်း၌ အမည်နှင့်သာ ဖော်ပြပါသည်။

မိမိသုံးလိုသော အလှကုန်များတွင် ခန္ဓာကိုယ်ပေါ်၌ သုံးရန်နှင့် မျက်နှာပေါ်၌သုံးရန်ဟု နှစ်မျိုးရှိရာ မျက်နှာ၌ သုံးရန်ပစ္စည်းသည် မိမိ၏ အသားအရေ၊ အသက်အရွယ်၊ တစ်နေ့တာ အလုပ်ချိန်အတွင်း အပြောင်းအလဲပေါ်၌ မူတည်၍ အပြောင်းအလဲရှိရပါမည်။ အသက် ၆၀ မိခင်နှင့် သင့်တင့်သော ပစ္စည်းသည် ၁၆ နှစ်သမီးအရွယ်အတွက် မသင့်လျော်နိုင်ပါ။ လေအေးစက်နှင့် တစ်နေ့လုံး အလုပ်လုပ်သည့်နေ့နှင့် ဗိုလ်ချုပ်ဈေးသွားသည့်နေ့ ပြင်ဆင်ပုံမျိုးသည် မတူညီနိုင်ပါ။ ပုဂံဘုရားဖူးသွားခြင်းနှင့် ပြင်ဦးလွင်၊ တောင်ကြီးသွားလည်စဉ် သုံးပုံလည်း မတူညီနိုင်ပါ။ သကြၤန်ရေပက်ခံခြင်းနှင့် ရေကူးခြင်းဝါသနာပါသူများအတွက်လည်း Water Resistant Sunblock ကို သုံးသင့်ပါသည်။ သို့သော် Water Resistant Sunblock သည် မိနစ် ၈၀ ထိသာ တွက်ချက်ထားပေးလေ့ရှိသဖြင့် သကြၤန်ကာလအတွင်း သုံးစွဲသူများသည် မိမိတို့၏ သကြၤန်ရေပက်ခံသည့်သဘာဝကို ထည့်သွင်းစဉ်းစားအသုံးချရပါမည်။ ယခုအခါ အမျိုးသမီးများသည် ချိုင်းချွေးနံ့မနံစေရန် ရနံ့အမျိုးမျိုးသုံးလာကြပြီဖြစ်ပါသည်။ ဝတ်ပြီးသား အဝတ်အထည်ကို မလျှော်ဘဲ ချိတ်ထားပြီး ပြန်ဝတ်သည့် အလေ့အကျင့်ကို ဖျောက်ပြီး ချိုင်းချွေးကို မကြာခဏဆေးကြောပေးခြင်းဖြင့် အနံ့သက်သာနိုင်ပါသည်။ သို့မဟုတ်ပါက အမွှေးရနံ့နှင့် ချိုင်းချွေးနံ့ တစ်လှည့်စီရနေပါလိမ့်မည်။ Oil Free ဆိုသည်မှာ အဆီမပါဟု မြန်မာလိုနားလည်ရသော်လည်း ဆေးဖျော်စဉ် သင့်တော်သော အဆီကဲ့သို့ ဂုဏ်သတ္တိရှိသော ပစ္စည်းများကို သုံးစွဲရသဖြင့် Oil in Water ဖြစ်သော်လည်း အဆီအနည်းများ ပါဝင်မှုသည် ကုမ္ပဏီတစ်ခုနှင့် တစ်ခု မတူပါ။ လုံးဝမပါဟု မယူဆစေလိုပါ။

ခေါင်းလျှော်ရန် ရှန်ပူများသုံးရာ၌ အမျိုးသမီးများသည် Antidandruff Shampoo ဟု ဆိုပါက အလွန်နှစ်သက်ပါသည်။ ဦးရေပြား အဆီလျော့နည်းအောင် ခဏခဏလျှော်ပါက ဘောက်များလာပါမည်။ ဘောက်သည် ရောဂါပိုးကြောင့်ဆိုပါက Ketoconozole ရှန်ပူသုံးခြင်းသည် အလွန်ကောင်းပါသည်။ ပိုးကြောင့် မဟုတ်ပါက အခြားဘောက်ရှန်ပူများ သုံးရပါသည်။ ရှန်ပူခေါင်းလျှော်ရည်တိုင်းသည် ဘောက်ကို တစ်ရက် နှစ်ရက် လျော့နည်းစေသဖြင့် Antidandruff Shampoo ဟု ရေးသားခြင်းသည် အပြစ်မရှိပါ။ ထို့ကြောင့် ခေါင်းလျှော်ရည်အသုံးများ၍ ဆံပင်ကျွတ်ခြင်း၊ ပါးခြင်း၊ ကွဲခြင်းများဖြစ်ပါလျှင် ဦးရေပြား၏ သဘာဝဆီထွက်နှုန်းကို ပြန်လည်ရရှိအောင် ထိန်းသိမ်းခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ခေါင်းလျှော်ရှန်ပူကို အမျိုးမျိုး ပြောင်းလဲသုံးနေခြင်းသည် ဦးရေပြားအတွက် ရောဂါသာဖြစ်လာနိုင်စေပါသည်။ ထို့ကြောင့် နှစ်သက်ရာခေါင်းလျှော်ရည်ကို တစ်မျိုးကုန်မှ တစ်မျိုး ပြောင်းသုံးသင့်ပါသည်။

အလှကုန်သုံးလျှင် အလှကုန်ကုမ္ပဏီက ကြော်ငြာသည့်အတိုင်း ဝယ်ယူသုံးစွဲလေ့ရှိပါသည်။ နံပါတ်စဉ်အလိုက် အကုန်ဝယ်မသုံးနိုင်ပါက မလှနိုင်ဟု ထင်ကြပါသည်။ ဤသို့မဟုတ်ဘဲ မိမိအရေပြားအတွက် လိုအပ်သလိုသာ ဝယ်သုံး၍လည်း ရပါသည်။ ပစ္စည်း၏ အစွမ်းသတ္တိပေါ်မူတည်ပြီး သုံးရပါသည်။ အရောင်းဝန်ထမ်း ညွှန်းသည့်အတိုင်း သုံးရန်မလိုပါ။ ညွှန်းသူဝန်ထမ်းသည် အားလုံးအကုန် သုံးဖူးခဲ့သည့် အတွေ့အကြုံ ရှိ၊မရှိ မှန်းဆပြီးမှ အကြံဉာဏ်ယူရန်သာ ဖြစ်ပါသည်။ ထို့ကြောင့် မသုံးမဖြစ်များကိုသာ ညွှန်းပြလိုပါသည်။

တစ်နေ့တာအတွက် မလိမ်းမဖြစ်သော ပစ္စည်းအဖြစ် (၁) Sunblock (၂) Revitalising cream သုံးစွဲရပါမည်။ သဘာဝအတိုင်း အိုမင်းခြင်းနှင့် ပြင်ပသဘာဝလေ၊ နေတို့၏ ဒဏ်ကြောင့် အိုမင်းခြင်းကိုကာကွယ်ရန် Sunblock ကို အမြဲသုံးရပါမည်။ မိမိသုံးစွဲသော နံပါတ်ပေါ်မူတည်၍ အချိန်တွက်ချက်ပြီး ထပ်လိမ်းသင့်ပါသည်။ အသက်အရွယ်အလိုက် Lotion cream ကို ရွေးရပါသည်။

Moisturiser Hydrator ကို အသားအရေ အစိုအခြောက်ပေါ်မူတည်၍ လိမ်းရပါသည်။ လူငယ်များ မလိုအပ်ဘဲနှင့် သုံးရန်မသင့်ပါ။ အသက်အရွယ်ကြီးသူများသည် မျက်နှာသစ်ပြီး အသားတင်းပါက Moisturiser ကို သုံးသင့်ပါသည်။

Revitalising cream ကို ညစဉ်အရေပြား သန့်ရှင်းရန်နှင့် အသားအိုဟောင်းခြင်းများမရှိဘဲ သန့်ရှင်းလတ်ဆတ်ရန် လိမ်းရပါသည်။ အသားညစ်ထေးခြင်း၊ နေလောင်ခြင်း၊ တွန့်ခြင်းများအတွက် အလွန်ကောင်းပါသည်။ သို့သော် ထုတ်လုပ်သော ကုမ္ပဏီက ရေးထားသည့်အတိုင်း အမှန်တကယ် ရာနှုန်းပြည့်ပါရန် လိုအပ်ပါသည်။

Cleanser သည် မျက်နှာကို ဆေးရန်အတွက် ဖြစ်ပါသည်။ လိုအပ်ပါက သုံးရပါသည်။ Cleanser ကို မလိုအပ်ဘဲသုံးပါက အသားခြောက်သော ရောဂါရတတ်ပါသည်။အလုံးအစိများပါဝင်သော Cleanser (သဲဆပ်ပြာ) သည် အရေပြား ပျက်စီးစေနိုင်သဖြင့် အရေပြားအထူးကုဆရာဝန်များက နှစ်သက်ခြင်းနည်းပါသည်။ Cleanser မဝယ်နိုင်ပါက မိမိနှစ်သက်သော ကိုယ်တိုက်ဆပ်ပြာကို သုံးစွဲ၍လည်း ရပါသည်။

Toner ကို ချွေးပေါက်ကျဉ်းစေသည်ဟု ယူဆပြီး အမျိုးသမီးများနှစ်သက်ကြပါသည်။ မျက်နှာသန့်စင်ရေးသာဖြစ်ပါသည်။ အချို့ Toner တွင် အဆီများပါက အဆီပြန်သော မျက်နှာအတွက် မသုံးသင့်ပါ။

Makeup cleanser ကို လိမ်းထားသော မိတ်ကပ်များကို မဆေးကြောမီ လွယ်ကူစွာပျော်ပြီး ဆေးရလွယ်ကူစေရန်အတွက် သုံးရပါသည်။ မိတ်ကပ်ထူထူသုံးသူများ သုံးရပါသည်။

Special Soap ကိုမူ အရေပြားပေါ်၌ ရောဂါရှိတိုင်း သုံးရန်မလိုပါ။ မည်သည့်ဆပ်ပြာမဆို သန့်ရှင်းစင်ကြယ်ပါက လုံလောက်ပါသည်။ ဆပ်ပြာကောင်းဖြစ်ပါက အဆီပြန်သော အသားကို မျက်နှာသစ်ပြီး တစ်နာရီခွဲနှစ်နာရီခန့်အထိ အဆီမထွက်အောင် ထိန်းထားနိုင်ပါသည်။ အသားခြောက်သူများသည် ဆပ်ပြာကို လိုသလောက်သာ သုံးရပါသည်။ ဆေးပါများ၍ အသားခြောက်လျှင် ချက်ချင်း Moisturisure ပြန်လိမ်းပါက အဆင်ပြေသွားပါမည်။

မြန်မာသနပ်ခါး မလိမ်းသော မြန်မာအမျိုးသမီးငယ်အချို့ကို တွေ့ရှိနေရပါသည်။ ကမ္ဘာတွင် မြန်မာသနပ်ခါးနှင့် မြန်မာ့အလှသည် ယနေ့ထက်တိုင် နာမည်ကြီး နေဆဲပင်ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည်များက သနပ်ခါးပါးကွက်ကျားကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာနှင့် ဓာတ်ပုံရိုက်ရန် တောင်းဆိုနေကြဆဲ ဖြစ်ပါသည်။ မြန်မာသနပ်ခါး ကောင်းကြောင်းကို ထောက်ခံပေးရန် နိုင်ငံခြားကုမ္ပဏီများကလည်း တောင်းဆိုနေကြဆဲ ဖြစ်ပါသည်။ မြန်မာသနပ်ခါးကိုဝယ်ပြီး ကုန်ချောအနေဖြင့် အလှကုန်များထဲ၌ စတင်ထည့်သွင်း သုံးစွဲနေကြပြီဖြစ်ပါသည်။ မြန်မာသနပ်ခါးသည် အသားအရေကို ချောမွေ့စေပါသည်။ နေရောင်ခြည်မှ ကာကွယ်ပေးနိုင်သော Physical Sunblock action ရှိပါသည်။ အရွယ်ငယ်သူများ၏ အသားအရေအတွက် သင့်တော်ပါသည်။ ကိုယ်နံ့ဆိုးလျှင် သင့်တော်ပါသည်။ သနပ်ခါးအနံ့သင်းသင်းကို မြန်မာအမျိုးသမီးများ လွန်စွာနှစ်သက်ကြပြီး သနပ်ခါး၏ အာနိသင်များကို သိရှိပြီးဖြစ်ရာ မြန်မာသနပ်ခါးကို နှစ်သက်စွာ လိမ်းတတ်ကြပြီး အသားအရေအလှကို ထိန်းသိမ်းထားသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။



လားရှိုး၊ မူဆယ်၊ ကော့သောင်း၊ မြိတ်မြို့များ၌ ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက်မြန်မာပြည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်ထိ လားရှိုးမြို့ ယုံဟော်ကွင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ရက်ထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ မတ် ၂၄ ရက်မှ ၂၈ ရက်ထိ ကော့သောင်းမြို့ မဉ္ဇူသကလွတ်လပ်ရေးကွင်း၌ လည်းကောင်း၊ ဧပြီ ၂ရက်မှ ၆ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်က စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ရောင်းချမည်

အဆိုပါ ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ)၃၉၄၊ ၄၀၈၊ ဖုန်း-၂၄၀၆၀၀(လိုင်းခွဲ) ၄၃၂၊ ရုံးချိန်ပြင်ပ ဖုန်း-၆၃၅၂၆၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က-ပ)

မြင်းခြံ-နတ်ကြိုတော တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

မြင်းခြံမြို့နယ် နတ်ကြိုတောရွာ ကျေးရွာနာယက ဆရာတော်ကြီးသုံးပါး အမှူးထား၍ အလှူရှင်များ စုပေါင်းကျင်းပသော တတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ရွှေခြံဓမ္မရိပ်သာ ဆရာတော် ဦးဇာဂရိယ၊ ဦးသေဝက (ကျောက်ဆည်)၊ ဦးစိတ္တာရ(ပေါက်မြိုင်)၊ ဦးဝေပုလ(ရွှေခြံ)နှင့် ဦးသဇ္ဇန(ရွှေခြံ) ဆရာတော်တို့က ဟောကြားပြသမည်ဖြစ်သည်။

(က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲ တတိယနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၃

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ တတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။ ပြပွဲသို့ နံနက်ပိုင်းတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လာရောက်ကြည့်ရှုအားပေးပြီး Internet နှင့် IT ပညာရပ်ကို စိတ်ဝင်စားကြသောလူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများသည် တစ်ဦးချင်းရော၊ ကျောင်းအလိုက်၊ အစုအဖွဲ့အလိုက်ပါ လာရောက်လေ့လာကြရာ လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။ Clint Focus Technology Group သည် Epson Product များကို မြန်မာနိုင်ငံတွင် တင်သွင်းဖြန့်ချိလျက်ရှိသည့် Authorized Distributor ဖြစ်ပြီး အဆိုပါကုမ္ပဏီပြခန်းတွင် Epson Printer Model မျိုးစုံ၊ Scanner များ၊ ဈေးကွက်တွင်းသို့ အသစ်ရောက်လာသည့် Epson (3 in 1) Printer များနှင့် Digital Camera နှင့်တွဲသုံးနိုင်သည့် ဓာတ်ပုံများကို အဓိကထားထုတ်သော Epson Photo Printer များကို ပြသထားသည်။

(3 in 1) Printer များကို Copier အနေဖြင့်လည်းကောင်း၊ Scanner အနေဖြင့်လည်းကောင်း၊ Printer အနေဖြင့်လည်းကောင်း အသုံးပြုနိုင်ပြီး (၂)နှစ်အာမခံပေးသည်။ ယခုအသုံးပြုနေသည့် Inkjet Printer များတွင် အသုံးပြုသည့် မင်များသည် ရေစိုခံမင်အမျိုးအစားဖြစ်ပြီး အရောင်လေးရောင်အသုံးပြုနိုင်ကြောင်း သိရသည်။

Youth Computer Co., Ltd. ပြခန်းတွင် မြန်မာ့တူရိယာသံများ ဂီတကိုစိတ်ဝင်စားသော မြန်မာလူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် Post Production နှင့် ပတ်သက်သည့် လုပ်ငန်းနယ်ပယ် အသီးသီးတို့၌ လိုအပ်ပါက အခက်အခဲမရှိ အသုံးပြုနိုင်ရန်၊ နိုင်ငံတကာဂီတပညာရှင်များအား မြန်မာ့တူရိယာသံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်လျက် မြန်မာ့တူရိယာအသံများကို ဖမ်းယူပြီး အသင့်စီစဉ်တည်းဖြတ်ကာ One Shot သံများအဖြစ် ပြုလုပ်ထားသော CD များကို သရုပ်ပြရှင်းလင်းထားပြီး မြန်မာ့ဆိုင်းဝိုင်း၊ ဗုံ၊ မောင်း၊ လင်းကွင်း၊ ချူ၊ ကြေးစည်နှင့်ဝါးလက်ခုပ်သံများကို ကွန်ပျူတာဖြင့် လက်တွေ့တီးခတ်ပြသသည်။ ယခုခေတ်ပေါ် တေးဂီတတစ်ပိုင်းလုံးကို ကွန်ပျူတာဖြင့် တီးခတ်နိုင်သည့်အပြင် မြန်မာ့တူရိယာများကိုပါ ကွန်ပျူတာဖြင့် Sequence လုပ်ခြင်း၊ Live တီးကာ အသံဖမ်းခြင်း၊ ကွန်ပျူတာဖြင့်အသံများကို တည်းဖြတ်ခြင်းတို့ပြုလုပ်နိုင်သည့်နည်းပညာ ပေးသင်တန်းများကို ဖွင့်လှစ် ပို့ချပေးလျက်ရှိသည်။ ထို့အပြင် စာအုပ်စာတမ်းများ၊ CD များကိုလည်း သင်တန်းမတက်နိုင်သူများအတွက် ရောင်းချပေးလျက်ရှိပြီး ကွန်ပျူတာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Myanmar World Distribution Co., Ltd. က Networking and Technology Planning ၊ Network Attached Storage (NAS) and Data Backup Solution ၊ Network Management and Security ၊ 64 bit Enterprise Computing and RDBMS Solution ၊ System Integration ၊ Video and Voice Management Solution နှင့် Open Source Solution စသည့် IT ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် e-Government Application Modules ၊ e-Learning၊ Agriculture Integrated Management System ၊ e-Commerce and Distribution Management System ၊ Interactive Multilingual Portal ၊ Virtual Office နှင့် Enterprise Protal စသည့် Software များကို အဆိုပါကုမ္ပဏီမှထုတ်လုပ်ကာ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း၊ တပ်ဆင်ပေးခြင်းနှင့် ကွန်ရက်များ ထူထောင်ပေးခြင်းစသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Information Technology Pte., Ltd ပြခန်းတွင် ICT နည်းပညာ၏ တိုးတက်မှုကို လေ့လာကြည့်ရှုနိုင်ရန် e-Health Application ကို ပြသထားသည်။ e-Health Application သည် Medical in Health Technology ၊Tele Consulting Technology၊Human Machine Interface နှင့် IT ကိုပူးပေါင်းပြီး ရေးသားတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ e-Health Application ကိုအသုံးပြုခြင်းဖြင့် ဝေးလံသီခေါင်သော နေရာများရှိ ပြည်သူများထံ ဆေးပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ အလွယ်တကူ ရောက်ရှိစေနိုင်သည်။ အဆိုပါနည်းပညာကို MIT နှင့် World Care Health (Malaysia) Co., တို့ ပူးပေါင်းပြီး e-Health Application ကိုသုတေသနပြုလုပ်ကာ တီထွင် ရေးသားထားခြင်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့် စာရင်းကိုင်စနစ် (Biz Acc XP)၊ အရောင်းထိန်းစနစ်(Multi POS)၊ ဟိုတယ်စီမံခန့်ခွဲမှုစနစ်(Hotelia)၊လက်တွေ့သုံးလုံခြုံရေးစနစ်၊ Attendance Control စနစ်နှင့် Software များကို ရေးဆွဲလျက် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

NCS Co., Ltd က Note Book အမျိုးမျိုး၊ Computer Accessories ၊Digital Camera ၊ SMC Network Products ၊ SMC Wireless Network Products ၊ Mobile Disk ၊ External Hard Disk၊Computer System များ၊ Mini Computer များနှင့် Computer Accessories များကို ပြပွဲကာလ အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Tong Tah Co.,Ltd ကဂျပန်နိုင်ငံလုပ် Digital Laser မိတ္တူကူးစက်၊ Laser Printer များကို အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

တတိယအကြိမ်မြောက် MICT Week-2004 ကို ဇန်နဝါရီ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှုလွယ်ကူစေရန် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံ၌လည်းကောင်း၊ ပြည်လမ်းနှင့် ပါရမီလမ်းဆုံ၌ လည်းကောင်း လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၄ ခုနှစ်

(၂၁-၁-၂၀၀၄)ရက်မှ (၂၇-၁-၂၀၀၄)ရက်ထိ

MICT Park ၊ ရန်ကုန်မြို့

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ တတိယနေ့တွင် အလုပ်ရုံဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

တတိယနေ့အဖြစ် တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲပြသလျက်ရှိသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ အလုပ်ရုံဆွေးနွေးပွဲများကို ယနေ့ဆက်လက်ကျင်းပရာ နံနက် ၉နာရီတွင် အခန်းအမှတ်(၂၀၅)၌ Database Trend Technology အကြောင်း အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက ဆောင်ရွက်ပြီး Software Development ၏ တိုးတက်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော Database နည်းပညာများအကြောင်းကို Myanmar Information Technology မှ ဦးနေလင်းသန်းကလည်းကောင်း၊ အမြန်နှုန်း(Speed)နှင့် Application များ၏ လိုအပ်ချက်ကြောင့် ပြောင်းလဲလာသော Database Technology အကြောင်းကို Integra Systems မှ ဦးထွန်းခိုင်ကလည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်း ချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်နှင့်အဖွဲ့ဝင်များ၊ ကွန်ပျူတာပညာကို စိတ်ပါဝင်စားကြသူများ တက်ရောက်ကြသည်။

ထို့အတူ Object Orientated Software Development With Unified Modeling Language အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် အခန်းအမှတ်(၂၀၅)၌ကျင်းပရာ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကွန်ပျူတာပညာရှင်များ တက်ရောက်ကြပြီး သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် Introduction to Unified Modelling Language အကြောင်းကို Biz-Soft Co.,မှ ဦးရဲရင့်ဝင်းကလည်းကောင်း၊ Software Projects Requirements Management Applying Use Case Diagram Leading to CMM Level-2 ကို Myanmar T-Zone မှ ဦးဝင်းထိန်ဝင်းကလည်းကောင်း၊ Robustness Analysis စာတမ်းကို Winner Computer Group မှ ဒေါ်စန်းယဉ်မြင့်ကလည်းကောင်း၊ UML to Implementation Sequence Diagrams စာတမ်းကို Myanmar Computer Co.,(MCC) မှ ဦးအောင်စိုးလင်းကလည်းကောင်း၊ Analysis Class စာတမ်းကို CE Technology မှ ဦးသတိုးထွန်းကလည်းကောင်း၊ State Machine Diagrams စာတမ်းကို CE Technology မှ ဦးမင်းဟန်ထွန်းကလည်းကောင်း၊ Design Class Diagram စာတမ်းကို CE Technology မှ ဦးကျော်ဇေယျာဟန်ကလည်းကောင်း၊ Physical Diagrams စာတမ်းကို Myanmar Information Technology (MIT) မှ ဦးရဲသူရသက်က လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

e-Life အကြောင်းဆွေးနွေးပွဲကို ညနေ ၄နာရီတွင် Conference Hall ၌ ချိုချိုကုမ္ပဏီလီမိတက်က ကျင်းပရာ ဆွေးနွေးပွဲတွင် ချိုချိုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးက အဆောက်အအုံထိန်းချုပ်မှုစနစ် (IR Concept)၊ ဝန်ထမ်းနှင့် အဝင်အထွက် ထိန်းချုပ်မှုစနစ်(Star Time Attendance and Access Control)၊ နေအိမ်လုံခြုံရေးစနစ် (Home Security System)၊ အလိုအလျောက် တံခါးဖွင့်/ပိတ်စနစ်(Autogate)၊ ကွန်ပျူတာလုံခြုံရေးစနစ်(Juzt Rebood+ Lock+Gard)၊ Digital စနစ်ဖြင့် လှုပ်ရှားမှုရုပ်ပုံများကို ကူးယူသည့်စနစ် (DVR- Digital Video Recoder) ၊ Network အတွင်းရှိ အချက်အလက်များ သိမ်းဆည်းမှုစနစ် (NAS-Network Attach Storge) ၊ လေဆာဖြင့် လုံခြုံရေးထိန်းချုပ်မှုစနစ် (Laser and Thermal Motion Detectors for Security)၊ ကုမ္ပဏီလုပ်ငန်းထိန်းချုပ်မှုစနစ်(Enterprise Resource Planning)၊ ကွန်ပျူတာနှင့် Network လုံခြုံမှုစနစ်(Fire Walls and IDS)၊ ကုန်သိုလှောင်မှုနှင့်

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲတွင် ပြသထားသော ပြခန်းများ၌ ပြည်သူများ၊ကျောင်းသား၊ကျောင်းသူများ စည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmer School မှ ဥက္ကဋ္ဌ Dr. Kim Bon. II အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မဟာဝိဇယ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ပူဇော်ပွဲများဖြင့် တပို့တွဲလဆန်း ၁၄ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၄ရက်မှ ဖေဖော်ဝါရီ ၆ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် တပို့တွဲလပြည့်(ဖေဖော်ဝါရီ ၅ရက်) နံနက် ၅နာရီခွဲတွင် ဗုဒ္ဓမြတ်စွာဘုရားကို ဆွမ်းတော်ကြီး ကပ်လှူပြီး တပို့တွဲ လပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၆ရက်)နံနက် ၅နာရီခွဲတွင် စေတီတော်မြတ်ကြီးကို ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်။ တပို့တွဲ လဆန်း ၁၄ရက်မှ တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၄ရက်မှ ဖေဖေါ်ဝါရီ ၆ရက်)အထိ ညစဉ် ညနေ ၆နာရီခွဲတွင် စေတီတော်ကြီးကို ဆီမီးငါးထောင် ဆက်ကပ်ပူဇော်မည်ဖြစ်ပြီး တပို့တွဲလပြည့်ကျော် ၁ရက်(ဖေဖော်ဝါရီ ၆ရက်)နံနက် ၅နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများက စေတီတော်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်သည်။

ဓမ္မပူဇာအနေဖြင့် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ရက်(ဖေဖော်ဝါရီ ၄ရက်မှ ဖေဖော်ဝါရီ ၆ရက်) အထိ နေ့စဉ် နံနက် ၆နာရီမှ ညနေ ၆နာရီထိ ဝတ်အသင်းများက ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ တပို့တွဲလဆန်း ၁၄ ရက်(ဖေဖော်ဝါရီ ၄ရက်)ည ၇နာရီတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ မဟာဂန္ဓဝင်ကျောင်း၊ ကျန်စစ်သားလမ်း ၁၃ရပ်ကွက်၊ ဒဂုံမြို့သစ်မြို့နယ် (အရှေ့ပိုင်း)ကလည်းကောင်း၊ တပို့တွဲလပြည့်(ဖေဖော်ဝါရီ ၅ရက်) ည ၇နာရီတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်းမြို့နယ်ကလည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၆ ရက်) ည ၇နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်းကလည်းကောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ သံဃပူဇာအနေဖြင့် တပို့တွဲလပြည့်ကျော် ၁ရက်(ဖေဖော်ဝါရီ ၆ရက်)နံနက်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ ပရိတ်တရားတော်များ နာယူကြမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလဆန်း ၁၄ရက်(ဖေဖော်ဝါရီ ၄ ရက်)ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင်မှ ၁၂မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ၁၁မြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ နှစ်မြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ နှစ်မြို့နယ်၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ၁၂လိုင်းနှင့် ဒဂုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

❀ နိုင်ငံတော်မှ

ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်နှင့် မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့သည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ၂၀၀၄ ခုနှစ်၏ နှစ်သစ်အစလည်းဖြစ်ကြောင်း၊ နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပရခြင်းသည် ယေဘုယျအားဖြင့် ရည်ရွယ်ချက်နှစ်မျိုးနှင့် ကျင်းပရခြင်းဖြစ်ကြောင်း။

ယင်း ရည်ရွယ်ချက် များမှာ နှစ်ဟောင်းတွင် မိမိဌာနအနေဖြင့် သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကို မည်မျှထိအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်၊ မည်သည့်အားသာချက်၊ အားနည်းချက်များရှိသည် စသည်တို့ကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်သစ်တွင် လုပ်ငန်းများ ပိုမိုတိုးတက်အောင် မည်သို့ဆောင်ရွက်မည်၊ အားနည်းချက်များကို မည်သို့ပြုပြင်မည် စသည့် အစီအမံများ ချမှတ်ရန်နှင့် မိမိဌာနအတွင်း လုပ်ငန်းတာဝန်များ ထူးခြားအောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား အသိအမှတ်ပြုချီးမြှင့်ရန်၊ ထိုသို့ ချီးမြှင့်ခြင်းဖြင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွဖြင့် ပိုမိုကြိုးစားလာကြစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြစ်ကြောင်း၊ သို့ပါ၍ နှစ်ဟောင်းမှ သင်ခန်းစာများရယူပြီး ယခုနှစ်တွင် ပိုမိုတိုးတက် အောင်မြင်အောင်ကြိုးစားသွားကြရန်နှင့် ဝန်ထမ်းအားလုံးကလည်း အားလုံးထူးချွန်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံး မြင်တွေ့ကြရမှာဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော် ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အလေးထား၊ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့်အချက်များကိုလည်းလမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် မိမိတို့၏ Media များဖြင့် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့နှင့်သက်ဆိုင်သည့် စက်မှုနှင့် Media ဆက်သွယ်ရေးပိုင်းများတွင် ပိုမိုတိုးတက်လာအောင် တီထွင်ကြံဆ ဆောင်ရွက်ရေး၊ နယ်စပ်ဒေသအပါအဝင် တစ်နိုင်ငံလုံး Media Cover ဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းသာမက ပြည်ပကိုပါ Media ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရေး၊ မိမိတို့၏ Media ကို အစဉ်အမြဲ သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားနေအောင် ဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ရေးနှင့် ချွေတာရေး စသည့် လုပ်ငန်းတာဝန်ခုနစ်ရပ်ကို ၂၀၀၄ခုနှစ်၏ လုပ်ငန်းတာဝန်အဖြစ် ခံယူ၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ကြရာတွင်လည်း ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းကို ကျွမ်းကျင်အောင်လုပ်ရေး၊ စေတနာထား၍ ဆောင်ရွက်ရေး၊ တာဝန်ကျေပွန်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အရာရာတွင်Initiative သုံး၍ ဆောင်ရွက်ရေး၊ ကောင်းသော ယှဉ်ပြိုင်မှုစနစ်ကျင့်သုံး ဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေး စသည့် အချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသွားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆုများချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စံပြခရိုင်ဆုနှင့် စံပြမြို့နယ် ဆုများရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အား ဆုချီးမြှင့်ရာ မုံရွာခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်သန်းဝင်းနှင့် ယင်းမာပင်မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်မြဝင်းကြည်တို့က ဆုများလက်ခံကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဆုများချီးမြှင့်ရာ ဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံး ၄၆ရုံး ကိုယ်စား ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးကလည်းကောင်း၊ မြို့နယ်ရုံး ၄၃ရုံးကိုယ်စား ကြခင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းက လည်းကောင်း၊ စာပေ၊အနုပညာ၊ အားကစားနှင့်သင်တန်းထူးချွန်ဆုရရှိကြသူ ၁၉ဦး ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ထုတ်လုပ်ရေးဌာနခွဲမှ ရိုးရာပန်းပညာရှင် (၂) ဦးလှထွဋ်ဦးက လည်းကောင်း၊ ပညာထူးချွန်ဆု၊ အာဆီယံဉာဏ်စမ်းပဟေဠိဆုနှင့် လူမှုထူးချွန်ဆုရရှိကြသူ ဝန်ထမ်း ၂၃ဦးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) စီမံရေးရာဌာနမှ အငယ်တန်းစာရေး ဒေါ်သီတာကလည်းကောင်း ဆုများလက်ခံကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ပြုဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဦးစီးအရာရှိ ဦးအုန်းခိုင်၊ သရက်ခရိုင်ရုံး ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ ကြခင်းမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဦးကျော်ဝင်းနှင့် ပုသိမ်ကြီးမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်တို့အား ဆုများချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ပြန်ကြားရေးဝန်ကြီးဌာန ရည်ညွှန်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ထိန်းချုပ်မှုစနစ် (IR and Warehouse Management System) နှင့် လုံခြုံရေးကင်မရာစနစ် (Cameras, Remote Surveillance and DVR Systems)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အောက်ရှိ အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် စံပြခရိုင်ဆုနှင့် စံပြမြို့နယ်ဆုများရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ ဆုရရှိသူများအား ဆုများချီးမြှင့်စဉ်။(သတင်းစဉ်)

ကမာရွတ်မြို့နယ် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် နာနတ်တောလမ်း ဣစ္ဆာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၁၃)တွင် ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ရက်မှ ၂၀ရက်အထိလည်းကောင်း ၁၀ရက် တရားစခန်းများကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တပညာဝံသ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက်တရားတော်များကို ဟောကြားမည်ဖြစ်၍ စခန်းဝင်လိုသော ယောဂီများ လာရောက်စုံစမ်းစာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး



အမှာစကားပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၃ခုနှစ်တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၃ခုနှစ် တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)မှ ကျောင်းအုပ်ကြီးနှင့် မြန်မာ့မီးရထားမှ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ တိုင်း အရာရှိများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဖွင့်အမှာစကား ပြောကြားရာ၌ မကြာမီ ကုန်ဆုံးတော့မည့် ဘဏ္ဍာရေးနှစ်ကာလအတွင်း လုပ်ငန်းလျာထားချက်များနှင့် စွမ်းဆောင်ချက်များအပေါ် အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး မိမိတို့လုပ်ငန်းများ လျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရေး၊ လုပ်ငန်းအလိုက်ဘဏ္ဍာငွေသုံးစွဲရာ၌စနစ်တကျနှင့် မှန်ကန်စွာသုံးစွဲကြရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် ယာဉ်များ၊ စက်ခေါင်းတွဲများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေး၊ ရထားလမ်းပိုင်းများ ကြံ့ခိုင်တိုးတက်ရေးတို့အတွက် ယခုထက် ပိုမိုအဆင့်မြင့်တင်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေး၊ ရထားများအချိန်မှန်ကန်ရေး၊ ခရီးတိုရထားများ တိုးမြှင့်ထုတ်လုပ်ပြေးဆွဲရေး၊ နိုင်ငံခြားငွေကို အကျိုးရှိအထိရောက်ဆုံး သုံးစွဲရေး၊ ဘူတာဝန်ထမ်းများ ယဉ်ကျေးပြေပြစ်စွာဆက်ဆံ၍ ပြည်သူအပေါ် တာဝန်ကျေပွန်ရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြစ်သည့် ပြည်သူများ၏ အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ကဏ္ဍအလိုက် ဖိဖိစီးစီး အစွမ်းကုန်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နေချိန်တွင် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများ တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လက်ရှိလုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများအပေါ် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)မှ ကျောင်းအုပ်ကြီးတို့က ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ၊ သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက တင်ပြချက်များအပေါ် သုံးသပ်ပြီး လုပ်ငန်းအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး အစည်းအဝေးကို ရုပ်နားသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်၊ တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

၂၀၀၄ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်/ တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တော်ဝင်ခန်းမ၌ကျင်းပသော ၂၀၀၄ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်၊တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပြည်ပပို့ကုန်လျာထားချက် ပြည့်မီရေး၊ စိုက်ခင်းများတည်ထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သတ်မှတ်သောအခွန်အခများ ပြည့်ဝစွာရရှိရေး၊ ခြိုးခြံချွေတာရေးနှင့် သစ်အခြေခံစက်မှု လုပ်ငန်းများ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ယင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပြည်နယ်၊တိုင်း တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ရွှေလီတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁:၂၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း-၉)**
၁:၅၅	၇။	ယှဉ်ပြိုင်ကာနွဲ့အာရှဖုန်(၂) တင်းနစ်ပြိုင်ပွဲ
၂:၀၅	၈။	**ရင်ထဲမှာသာတဲ့လ (ဆက်မော်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-ခင်မောင်ချင်း) (ပုလဲအရောင်မမှိန်)**
၂:၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၅	၁၀။	သင်ပုန်းရေလှောင်တမံ
၂:၄၅	၁၁။	International News.
၃:၀၀	၁၂။	အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၀၅	၆။	ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ကြည်လဲ့လဲ့ဦး)
၅:၂၀	၇။	တေးဂီတအစီအစဉ်
၅:၃၅	၈။	ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀	၉။	တေးဂီတအစီအစဉ်
၆:၁၅	၁၀။	စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	Discovery
၇:၁၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၉)**
၇:၄၅	၁၅။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာ(အပိုင်း-၂)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း ဂန္ဓဝင်ရင်ခွင်(အပိုင်း-၂) (ဒွေး၊သားညီ၊စိုးမြတ်သူဇာ) (ဒါရိုက်တာ-မောင်ပြည့်ဝ) (ပန်းဝေသီ)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏

ရီပိုတာဂျာနယ် အမှတ်(၁၀၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

မြေနီကုန်းဖိုးလုံးနှင့် စိုးမြင့်လတ်တို့၏ ဆောင်းပါးများအပါဝင် အင်တာနက်သတင်းများကိုဓာတ်ပုံဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာ သတင်းဂျာနယ် အမှတ် (၁၀၅) **(အောက်ပုံ)**ကို ထုတ်ဝေလိုက်သည်။ ဆက်သွယ်ရန်ဖုန်းမှာ ၇၂၀၇၇၉ ဖြစ်သည်။(က-ပ)



တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၃

ဦးသန်းငွေသည် ကစားဖော်များဖြစ်ကြသော ဦးတင့်လွင် (Director Kenzo Group)၊ ဦးရွှေဝင်း (Director, Tonica Training)၊ ဦးကျော်မြင့် (Director New Force Company) တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Ultra Distance-2 ဘောလုံးကို Wood-3 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၅ကိုက်အကွာအဝေးတွင်ရှိသော အမှတ်(၅) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။(က-ပ)

ပို့ကုန်နှင့်သွင်းကုန် ကုန်သေတ္တာစစ်ဆေးနေမှုများ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏ တိုင်းကျိုးပြည်ပြု ပြကွက်များကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက လိုအပ်သည့် ပြင်ဆင်မှုများ အချိန်မီပြီးစီးဆောင်ရွက်သွားရန်နှင့် စစ်ဆေးမှုများ ပြုလုပ်ကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ သွားရောက်ပြီး ဆိပ်ကမ်းအတွင်းရှိ ပို့ကုန်နှင့်သွင်းကုန် ကုန်သေတ္တာ စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအသုံးချ သင်တန်းဆင်းပွဲ ကျင်းပ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအသုံးချသင်တန်း အမှတ်စဉ်(၄/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၃

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအသုံးချ သင်တန်းအမှတ်စဉ်(၄/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးနှင့် အထွေထွေ မန်နေဂျာများ၊ စက်ရုံမှူးများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ရုံးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျင်မြန်၊ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ ပြီးမြောက်အောင်မြင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနက ကြီးမှူး၍ ရုံးလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ သင်တန်းများ၊ မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အဆင့်မြင့် သင်တန်းများ ဖွင့်လှစ်၍ ဝန်ထမ်းများ၏ အရည်အသွေးများကို တိုးမြှင့်သွားမည် ဖြစ်ကြောင်း။

သို့ဖြစ်၍ သင်တန်းသား၊ သင်တန်းသူများသည် လေ့လာဆည်းပူးရမည့် ပညာရပ်အသီးသီးကို အလေးအနက်ထား သင်ကြားလိုက်နာပြီး မိမိတို့၏ လုပ်ငန်းခွင်တွင် ကောင်းစွာ အကျိုးပြုကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်း၌ ပထမဆုရ စက်မှုညွှန်ကြားရေး ဦးစီးဌာနမှ စက်မှုစီမံရေး(၄) ဒေါ်ခိုင်နွေဦး၊ ဒုတိယဆုရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)မှ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်အောင်၊ တတိယဆုရ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)မှ ကြီးကြပ်ရေးမှူး ဒေါ်မင်းမင်းဟန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းခေါင်းဆောင်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖီးပင်ကြီး) အခြေခံစာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၉) ပထမဆုနှင့် သေနတ်ပစ်ထူးချွန်ဆုရ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံ အမှတ်(၃)မှ အကြီးတန်းစာရေး ဒေါ်မြမြထွေးအား ဂုဏ်ပြုဆု ပေးအပ်သည်။

တက်ရောက်

ကွန်ပျူတာ အသုံးချသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၀ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ကြောင်း သိရသည်။ (သတင်းစဉ်)

နှလုံးနှင့် သွေးကြောရောဂါ ပူးပေါင်းခွဲစိတ်ကုသမှု ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုး၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံ နှလုံးနှင့် သွေးကြောခွဲစိတ်ကု ဆရာဝန်ကြီးများနှင့် ဩစတြေးလျနိုင်ငံ နှလုံးနှင့် သွေးကြောခွဲစိတ်ကုအဖွဲ့တို့ ပူးပေါင်းခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

မှာကြားဖြည့်ဆည်း

ဝန်ကြီးနှင့်အဖွဲ့သည် နှလုံးဆေးကုသဆောင်ရှိ နှလုံးနှင့်သွေးကြောတွင် ကွန်ပျူတာစနစ်ဖြင့် နှလုံးရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် Cardiac Catheterisation Laboratory ခန်းရှိ နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်စက်ဖြင့် နှလုံးနှင့် သွေးကြောရောဂါ ရှာဖွေကုသနေမှုကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်းနှင့် ကထိက နှလုံးနှင့် သွေးကြောရောဂါ ဆေးအထူးကုဆရာဝန်ကြီးများဖြစ်သောဒေါက်တာမျိုးဝင်း၊ ဒေါက်တာတင်လတ်၊ ဩစတြေးလျနိုင်ငံ နှလုံးဆေးကုသမှုအဖွဲ့ခေါင်းဆောင် Professor Dr. David Kelly နှင့် Dr. Bruce Bastian တို့က ရှင်းလင်းပြသကြသည်။ ဝန်ကြီးက လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုဌာန လူနာဆောင်နှင့် အထူးကြပ်မတ်ကုသခန်းရှိ မြန်မာ/ဩစတြေးလျ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကုဆရာဝန်ကြီးများ ပူးပေါင်းခွဲစိတ်ကုသပေးခဲ့သည့် နှလုံးနှင့်သွေးကြောရောဂါ လူနာများအား ကျန်းမာရေး စောင့်ရှောက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကုဌာနပါမောက္ခ ဒေါက်တာခင်မောင်အေးနှင့် ဩစတြေးလျနိုင်ငံ နှလုံးကုသမှု အဖွဲ့ခေါင်းဆောင် Professor Dr. Alan Gale တို့က ခွဲစိတ်ကုသပေးခဲ့သည့် ရောဂါအခြေအနေနှင့် ကျန်းမာရေး စောင့်ရှောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

မြန်မာနိုင်ငံ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုအဖွဲ့ကို ပါမောက္ခ ဒေါက်တာခင်မောင်အေးနှင့် ကထိက နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်လွင်တို့က ဦးဆောင်၍ ဩစတြေးလျနိုင်ငံ နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုသမှုအဖွဲ့ကို Professor Dr. Alan Gale တို့က ဦးဆောင်ပြီး နှစ်နိုင်ငံဆေးပညာ ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ပူးပေါင်းခွဲစိတ်ကုသခြင်းနှင့် ပညာရပ်ဆိုင်ရာ သင်ကြားပို့ချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မုဒိတာစာစုများ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၅၃)၊ ၅(က)လွှာ Quality Publishing House စာအုပ်တိုက် ဖုန်း-၇၂၁၀၆၇၊ ၇၀၆၄၁၄ က CHICKEN SOUP FOR THE GOLDEN SOULkiu စိုးထိုက် ဘာသာပြန်ဆိုသော မုဒိတာစာစုများ စာအုပ်**(အောက်ပုံ)**ကို မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ (က-ပ)



ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမှတ်(၂)လမ်းမကြီးမှ ရောဝဏ် လမ်းမကြီးအထိ ဆက်သွယ်လျက်ရှိသော အရှည်ပေ ၁၁၈၀၀ ရှိ မောင်းမကန်ကမ်းသာလမ်းအား အကျယ် ၄၈ပေ လေးလမ်းသွား တိုးချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

မှာကြား

ယင်းနောက် သတ်မှတ်ကာလအတွင်း ပြီးစီးရန် ဆောင်ရွက်ရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာ လုပ်ဆောင်ရေး၊ အလေအလွင့် မရှိစေရန် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၅-၁-၂၀၀၄ ရက်

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

၈-၂-၂၀၀၄ရက်နေ့

နှင့်

၂၉-၂-၂၀၀၄ရက်နေ့

၂၀၀၄–၂၀၀၅ခုနှစ်သည် စက်မှုကဏ္ဍတိုးတက်ရေးအခြေခံနှစ်ဖြစ် ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယ လေးလပတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာန၊ လုပ်ငန်း တစ်ခုချင်းအလိုက် သုံးသပ်မှာကြားပြီး ၂၀၀၄ခုနှစ် ပထမလေးလပတ်တွင်ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ကြိုးစားဆောင်ရွက်ရန်၊ ၂၀၀၄–၂၀၀၅ ခုနှစ်သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံနှစ်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၄ခုနှစ် ပထမ လေးလပတ်ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၄ခုနှစ် ပထမလေးလပတ်ကုန်ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေး လိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၄ ခုနှစ် ပထမလေးလပတ် ကုန်ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် ဂုဏ်ပြုဆုများကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လက်ခံရယူကြသည်။ ယင်းနောက်လုပ်ငန်း/စက်ရုံများ၏ထုတ်လုပ်မှု လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများကို ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဇန်နဝါရီ ၂၃ရက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တာဝန်ရှိသူများ လိုက်ပါလျက် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏ တိုင်းကျိုးပြည်ပြုပြကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–၁၁)

(ဘဏ္ဍာ/အခွန်)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်သစ်ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့သစ်နှင့် အမှုဆောင်အဖွဲ့ဟောင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်က လက်ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဗီဒီယိုဖြင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်လွှဲပြောင်းလက်ခံသည့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်က လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအသစ် ဦးဝင်းအောင်ကလက်ခံပြီး အမှာစကား ပြောကြားကာ အထွေထွေကိစ္စရပ် များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ခမ္ဘဇ္ဇူပဟာအခြေခံပဋ္ဌာန်း ကျင့်စဉ်သင်တန်း ဓမ္မဒါနပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဓမ္မဇ္ဇူပဟာ သာသနာ မာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း၏ နွေရာသီ ရက်တိုသင်တန်းအဖြစ် အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်းကို ဓမ္မဇ္ဇူပဟာ–ဒေါ်ခင်လှတင် (သဒ္ဓမ္မဇောတိကဓဇ)က ဓမ္မဒါနပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၂၉ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ၁၁နာရီအထိ အမှတ် (၆) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ အဆိုပါ သင်တန်းကျောင်းတွင် ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်းသည် သင်တန်းစဖွင့်သည့် ရက်မှစ၍ စာရင်းပေးသွင်း တက်ရောက်နိုင်သည်။ (က–ပ)

ခင်ကာပုပညာသင်ဆု အစီအစဉ်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

MIEC/PMC Group သည် နိုင်ငံတကာ၌ တိုးတက်ဖြစ်ပေါ်လျက်ရှိသော ပညာရေးကို မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းနှီးထိတွေ့မှုရှိစေရန် အစဉ်တစိုက် ကူညီပေးလျက်ရှိကြောင်း သိရသည့်ပြင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် အချိန်၊ ငွေသက်သာစေရန် ပညာသင်ဆုရနိုင်သော ကျောင်းများကို ဆက်သွယ်စီစဉ်ထားကြောင်း သိရသည်။

ပညာသင်ဆု စာမေးပွဲများတွင် အင်္ဂလိပ်စာတစ်ဘာသာတည်း စစ်မေးမည်ဟု သိရသည်။ စိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ဆုစာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် နိုင်ငံတကာကျောင်းများ၏ ပညာသင်ဆုစာမေးပွဲ မေးခွန်းနမူနာများနှင့်အတူ ကျွမ်းကျင်သော ဆရာများနှင့် သင်ကြားပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိစေရန်အတွက် အပတ်စဉ် (စနေနေ့)တိုင်း မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီထိ MIEC/PMC Groupတည်ရှိရာတွင် အခမဲ့ ဟောပြောပေးလျက်ရှိသည်။

အသေးစိတ် အချက်အလက်များ စုံစမ်းရန်နှင့် ဟောပြောပွဲတက်ရောက်ရန် MIEC/PMC Group အခန်း (၀၁)၊ (၁၂)ထပ်၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဖုန်း– ၂၄၃၁၆၁နှင့် ၂၅၆၆၀၂တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ ICTရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁–ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်

၀၉:၀၀ နာရီ Software Products for SME (Presentation & Promotion)

၁၃:၀၀ နာရီ Software Products for SME (Presentation & Promotion)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်

၀၉:၀၀ နာရီ Security issues and related products(Seminar)

၁၃:၀၀ နာရီ e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

၀၉:၀၀ နာရီ Wireless and broadband application(Seminar)

၁၃:၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက် ဘိုးဘွားရိပ်သာ ရတနာအုတ်မြစ်စီမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက်၌ အသစ်တည်ဆောက်မည့် ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာ တည်ဆောက်ခြင်းအတွက် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ရတနာငွေကြုတ်ကို ထည့်သွင်းပေးသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးသန်းဦး (Sun Far Co., Ltd)နှင့်မိသားစု၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသိန်းနှင့်အဖွဲ့ဝင်များ၊ မြေအလှူရှင် ဦးအောင်မျိုးဇော်၊ ဒေါက်တာသန္တာထွန်း (အောင်ဆေးခန်း)၊ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထည့်သွင်းပေး

ရှေးဦးစွာ ဦးမောင်ရုံး – ဒေါ်ရင် ဘိုးဘွားရိပ်သာ အဆောက်အအုံတည်ဆောက်ခြင်း ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ရတနာငွေကြုတ်ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းက ရတနာပတ္တမြားအုတ်ကိုလည်းကောင်း၊ အလှူရှင်ဦးသန်းဦး (Sun Far Co., Ltd)ကရတနာ ကျောက်စိမ်းအုတ်ကိုလည်းကောင်း၊အလှူရှင်၏မိခင် ဒေါ်ရန်တီက ရတနာရွှေအုတ်ကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းပိုက ရတနာငွေအုတ်ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီး၌ ထည့်သွင်းပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဘိုးဘွားရိပ်သာ တည်ဆောက်ရေး ယာယီရှင်းလင်းဆောင်၌ ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဘိုးဘွားရိပ်သာ တည်ဆောက်ခြင်းအတွက် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းပိုက ဘိုးဘွားရိပ်သာ တည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အလှူရှင်နှင့် ကြွရောက်လာသော ဧည့်ပရိသတ်များအား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဘိုးဘွားရိပ်သာသို့ အလှူရှင် ဦးသန်းဦး (Sun Far Co., Ltd)က ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀အပါအဝင် အဆောက်အအုံပစ္စည်းများ နှင့် မြေတန်ဖိုး စုစုပေါင်းငွေကျပ် ၄၈၄သိန်း ကုန်ကျခံလှူဒါန်းသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက်က ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု ပန်ကန်းရွာတွင် ရွှေသံလွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုရွှေ၊ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခွန်သန်းထူး၊ ဆီဆိုင်မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ပန်းတနော်မြို့နယ် ကဇင်းငူကျေးရွာအုပ်စု သုတဉယျာဉ်စာကြည့်တိုက်ကို ဇန်နဝါရီ ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ဟိုပင်မြို့နယ် စုပေါင်းရုံးကတ္တရာလမ်းသစ်ဖွင့်

ဟိုပင် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြမာလာ ကျောက်ချောလမ်းနှင့် စုပေါင်းရုံး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါလမ်းရှိ မုခ်ဦးမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ အင်ဂျင်နီယာ ဦးစိန်မောင်မြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်မိမိနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကချင်ရိုးရာ၊ ရှမ်းရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ရပ်မိရပ်ဖများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ်ပြန်/ဆက်)**

ရေဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ ရက်က ကံ့ကော်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၉၀)

ထွေ/အုပ်ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

ရမည်းသင်း ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ရမည်းသင်းခရိုင်နှင့် မြို့နယ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စည်းဝေးခန်းမတွင် ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်၊ ခရိုင်အဖွဲ့ဝင် (၁)ဦးခင်မောင်ဇော်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိဦးညိုဝင်း၊ရမည်းသင်း၊ တပ်ကုန်း၊ ပျော်ဘွယ်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် သုံးမြို့နယ်မှ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင် အုပ်ချုပ်ရေးမှူးက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ တစ်လဖြစ်ပြီး သုံးမြို့နယ်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်း ၅၆ ဦး တက်ရောက်ကြောင်းသိရှိရသည်။ **(၁၁၅)**

ဘိုကလေးမြို့တွင် ကတ္တရာလမ်းဖွင့်

ဘိုကလေး ဇန်နဝါရီ ၁၄

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၄)ရပ်ကွက် စံပယ်ကတ္တရာ လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် အဆိုပါလမ်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူးကိုကိုနိုင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာလမ်း(စံပယ်လမ်း)သည် အရှည်ပေ၁၀၀၄၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၇၃၆၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့သော ကတ္တရာလမ်းသစ်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ကန့်ဘလူမြို့ ဆက်သွယ်ရေးစနစ် ခေတ်မီရေးဆောင်ရွက် အော်တိုတယ်လီဖုန်းများ ပြောင်းလဲတပ်ဆင်အသုံးပြုမည်

ကန့်ဘလူ ဇန်နဝါရီ ၁၆

ကန့်ဘလူမြို့ ဆက်သွယ်ရေးစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံချက်အရ လက်ရှိအသုံးပြုနေသော လက်လှည့်ဖုန်းများအစား အော်တိုတယ်လီဖုန်းများ ပြောင်းလဲတပ်ဆင်အသုံးပြုမည်ဖြစ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများနှင့် အများပြည်သူသုံး အော်တိုတယ်လီဖုန်း စုစုပေါင်း ၄၄၁ လုံး တပ်ဆင်အသုံးပြုမည်ဟု သိရသည်။

အော်တိုတယ်လီဖုန်း သုံးစွဲရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်မှ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်စိုးလွင်နှင့်အဖွဲ့သည် အောက်တိုဘာလဆန်းမှစ၍ ကွန်ကရိဖုန်းတိုင်များ စိုက်ထူခြင်း၊ နိုဝင်ဘာလဆန်းမှစ၍ မြေအောက် ကေဘယ်လိုင်း ၅၅၀၀ မီတာ၊ ကောင်းကင်ကေဘယ်လိုင်း ၁၄၅၀၀ မီတာသွယ်တန်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်မှ တာဝန်ခံအင်ဂျင်နီယာများဖြစ်သည့် ဦးထွန်းဝင်း၊ ဦးမျိုးသန်းနှင့် အဖွဲ့တို့သည် အော်တိုတယ်လီဖုန်း စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လိုင်းပိုင်း၊ စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများ မကြာမီအချိန်အတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **(၃၈၆)**

ကဝမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ရွှေညီလာခန်းမတွင် ကျင်းပရာ သုံးနှစ်ဆက်တိုက် ပထမရရှိသော နဝမတန်းကျောင်းသူ မသဇ္ဇာလင်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက ဆုချီးမြှင့်စဉ်။ (၃၇၀)

သီပေါမြို့နယ်တွင် ပညာရေးစုံညီပွဲကျင်းပ ဆုရကျောင်းသားများအား ဆုချီးမြှင့်

သီပေါ ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ် ပညာရေးမှူးဒေါ်သောင်းသောင်းနှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်တို့က မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်သောင်းသောင်းက မြို့နယ်စုံညီပွဲတော် ကျင်းပရခြင်း၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆုရကျောင်းသား၊ကျောင်းသူများအား ဆုများချီးမြှင့်သည်။ **(၂၄၇)**

မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၀

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဓာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၁၅ ရက်က မြို့မဈေး၊ တောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးများ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ **(က-ပ)**

ဇန်နဝါရီ ၁၈ ရက်က ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ဈေးအတွင်း မီးဘေးကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်း၊ မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

တန့်ဆည်မြို့တွင် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်း တန့်ဆည်မြို့တွင် ပညာရည်ထူးချွန်ဆုနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေ့ဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စစ်ကိုင်းတိုင်းအတွင်း ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ အမှတ်အများဆုံးရရှိသူ မလင်းသီရိထွန်းအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း **(ယာပုံ)**၊ အင်ကုက္ကားကျေးရွာ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းအတွက် ငွေကျပ်ငါးသောင်း၊ နဘက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်လုံးနှင့် ဆရာ၊ ဆရာမများအတွက် ငွေကျပ်တစ်သိန်း၊ တက္ကသိုလ်ဝင်တန်း သုံးဘာသာ ဂုဏ်ထူးရှင် မောင်မြင့်ကျော်သို့ ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းသည်။

တက်ရောက်

ဆက်လက်၍ ညနေပိုင်းတွင် ရေဦးမြို့နယ် ဆည်မြောင်းရိပ်သာ၌ လမ်းပြုပြင်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပရာ ရေဦးနှင့် တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီပဲယင်း-တင်းတိန်ရဲကားလမ်း ပြုပြင်ရေးအတွက် ငွေကျပ်ငါးသိန်းကို လှူဒါန်းသည်။

လှူဒါန်း

အလားတူပင် ဇန်နဝါရီ ၁၈ရက် မွန်းလွဲပိုင်းတွင် ဒီပဲယင်းမြို့ အောင်ရတနာယာဉ်လိုင်းအသင်း၌ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီပဲယင်းမြို့နယ် မီးသတ်မော်တော်ယာဉ် ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကို ဒီပဲယင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးထွန်းမောင်ထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

အထက(၄) သန်လျင်တွင် နဝမအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၃

သန်လျင်မြို့ အထက (၄) တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဖုန်း- ၀၁-၂၄၃၁၆၁၊ ၂၅၆၆၀၂၊ ၀၅၆-၂၁၂၁၁နှင့် မဟောသီစတိုး၊ မြို့မဈေး၊ မြောက်ဖက်တန်း၊ သန်လျင်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပုလဲမြို့နယ် ရွာထင်ရွာ မူလတန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပ

ပုလဲ ဇန်နဝါရီ ၁၉

ပုလဲမြို့နယ် ရွာထင်ရွာ အခြေခံပညာမူလတန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၉နာရီက ယင်းကျောင်းဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်အဖွဲ့ဝင်(၂)၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ကန်တော့ကြပြီး ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ ပညာရည်ချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ (ခရိုင်ပြန်/ဆက်)

ဇန်နဝါရီ ၁၈ရက်က မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် ပါဝင်ကူညီခဲ့သူများ ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အာစရိယပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပရေးထာဝရငွေပဒေသာပင်ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ အခမဲ့ပညာရေးကျောင်းတွင် ဇန်နဝါရီ ၃ရက်က (၄)နှစ်မြောက် လူ့အသုံးအဆောင်ပစ္စည်း လေးသိန်းခုနစ်သောင်းကျော်ဖိုး လှူဒါန်းပွဲပြုလုပ်ရာ ဆန်၊အဝတ်အထည်၊ စာရေးကိရိယာများကို အိမ်ထောင်စု ၇၅၀တို့အတွက် ပေးအပ်လှူဒါန်းနိုင်ရန် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဆန်းအား အလှူရှင် ဦးအောင်မျိုးခင်က ပေးအပ်လှူဒါန်းစဉ်။ (၅၇)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၃

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ GCE TOEFL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ သင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ် ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည်။

TOEFL စာမေးပွဲကြီးကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ် (၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့ ဖုန်း- ၂၁၂၃၅၇၊ ၂၅၂၈၂၁၊ ၂၅၃၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)



အတွေးသစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

စာရေးဆရာ ဘယ်လိုဖြစ်လာသလဲ (ဆရာဦးသုခ) ကဏ္ဍနှင့် မျက်မှောက်ရန်ကုန်၊ မျက်မှောက်မန္တလေး၊ အင်တာနက်သတင်းများ ပါရှိသည့် အတွေးသစ်ဂျာနယ် အတွဲ-၄၊ အမှတ်စဉ်-၁၆၉ **(အပေါ်ပုံ)**ကို ဖြန့်ချိလိုက်သည်။ (က-ပ)

အိမ်အလှဆင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

Three Friends Co., Ltd. မှ မျက်နှာကြက်နှင့် အခန်းဖွဲ့ခြင်းအတွက် မီးဒဏ်ခံ၊ ရေစိုခံ၊ အသံလုံစနစ်ရှိ မီးခံပြား၊ ဖိုင်ဘာတံခါး၊ ဒီဇိုင်းအသစ်များ၊ ပလာစတာကောနစ်များနှင့် အခြားဆက်စပ်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ Three Friends Design, Decoration Engineering Group မှလည်း အဆောက်အအုံများ၊ ဒီဇိုင်းဆွဲပေးခြင်း၊ PAEစနစ်ဖြင့် ပုတ်ပြတ်ဆောက်လုပ်ပေးခြင်း၊ ကြီးကြပ်ခဖြင့် ဆောက်လုပ်ပေးခြင်း၊ အိမ်တွင်းအလှဆင်ခြင်း လုပ်ငန်းများဖြစ်သော မျက်နှာကြက် အခန်းကာမှန်၊ အလူမီနီယံ၊ ကောနစ်၊ ပါကေးခင်းခြင်း၊ ဆေးသုတ်ခြင်း၊ သံပန်းသံတံခါး၊ လိပ်တံခါးများ တပ်ဆင်ခြင်း၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်း၊ လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် Three Friends Co., Ltd. 44 A(1) ကျိုက်တော်အိမ်ရာ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနအနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၁၁၂၁၊ ၂၉၄၈၆၄၊ ၀၉-၈၀၃၄၄၃၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
မိုမိုအလှပြင်ဆိုင်
ဆံပင်ညှပ်ကျွမ်းကျင်၊ ခေါင်းလျှော်ကျွမ်းကျင် မ ၃ဦးစီ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။ တိုက်(၆) အခန်း(၀၀၄)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၃

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းအရ ဗန်းမော်မြို့နယ် စီအင်ကျေးရွာ၌ စောင့်ဆိုင်းနေစဉ် ခိုကျင်-မံဖာမှ စီအင်ကျေးရွာလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရန်တားဆီးစဉ် ဆိုင်ကယ်မောင်းနှင်လာသူ တန်ဂွန်းက ၉ မမ ပစ္စတိုဖြင့်လည်းကောင်း၊ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ တန်နောင်းက အရှိုးအသွား တစ်ပေခန့်ရှိ ဓားလွယ်ဖြင့်လည်းကောင်း ခုခံရန် ပြင်ဆင်သဖြင့် လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့ရာ ဆိုင်ကယ်ဒူးကာကြားမှ မြွေရေခွံအိတ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်း ကိုးထုပ် စုစုပေါင်းအလေးချိန် ၁၅ ဒသမ ၅ကီလို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်နှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁နာရီခွဲတွင် သတင်းအရ နောင်ချိုမြို့အဝင် လားရှိုးမန္တလေးသွားကားလမ်း ပိန္နဲပင်ကွေ့ မိုင်တိုင်အမှတ် ၈၀/၄အနီး၌ စောင့်ဆိုင်းနေစဉ် လားရှိုးမှ မန္တလေးသို့ ထွက်ခွာလာသော ထွန်းမင်းလတ် မောင်းနှင်လာသည့် မေရှိုးယာဉ်အသင်းမှ ဗင်ကားအမှတ် (အ/၇၄၁)ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါလာသည့် အိုင်ဇမ်းထန်၏ ကြိမ်ခြင်းအောက်ခြေ အံဝှက်အတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းဖြူထုပ် ၁၉ထုပ် စုစုပေါင်း အလေးချိန် ၃၀၆ ဒသမ ၁၆ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိ မူးယစ်ဆေးဝါး၊ လက်နက်နှင့် တရားခံများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



တရားခံ တန်ဂွန်းနှင့် တန်နောင်းတို့ နှစ်ဦးအား သက်သေခံ ပစ္စည်းများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

"တက္ကသိုလ်ဝင်တန်းကျောင်းသား/သူများအတွက် လေ့လာမှတ်သားနာယူရန် သင့်လျော်အသုံးဝင်လှသော ဆရာမ **ဒေါ်စိုးစိုး** ရေးသားပြုစုထားသည့်"
100
ENGLISH ESSAYS
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
Published by - CHANCELLOR MEDIA
PH : 01-510598, 534327, 524818

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
(သမီးတော်အလှပြင်ခန်းမ)

၁။	အလှဖန်တီးရှင်		၂ ဦး
၂။	မိတ်ကပ်၊ဆံထုံး ကျွမ်းကျင်သူ	- မ	၁ ဦး
၃။	ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်ကျွမ်းကျင်သူ	- မ	၂ ဦး
၄။	လျှော်၊သစ် ကျွမ်းကျင်သူ	- မ	၃ ဦး

စိတ်ဝင်စားသူများသည် မိမိတို့၏ CV နှင့်အတူ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူတို့ကို ယူဆောင်၍ အမှတ်(၄၃၀)၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ (သမီးတော်အလှပြင်ခန်းမ)သို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။ ဖုန်း-၂၉၂၅၀၀
မှတ်ချက်။ ။ အလုပ်သင်များလည်းလျှောက်ထားနိုင်သည်။

သောက်သုံးရေ ဖြန့်ဝေမှုနှင့် ရေပေးဝေရေးလုပ်ငန်းများ နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

သာစည် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီတွင် သာစည်မြို့သို့ရောက်ရှိပြီး မင်းလှကန်တော်ကြီးမှ ဆက်သွယ် ရေသွယ်ယူ၍ မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေစုကန်၊ ရေစစ်ကန်မှတစ်ဆင့် မြို့လူထုအတွက် သောက်သုံးရေ ဖြန့်ဝေပေးမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါ မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းဖြစ်သည့် ကျပ် ၄၄၀၀၀၀၀ တန်ဖိုးရှိ ရေသွယ်မြောင်း၊ ရေစုကန်၊ ရေစစ်ကန်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ လှူဒါန်းခဲ့ပြီး ရေစက်ရုံများ၊ ရေစုပ်ပန့်၊ မော်တာများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၅၀၀၀၀၀ အကုန်အကျခံ၍ တည်ဆောက်ထား ခြင်းဖြစ်သည်။ မြို့လူထုသောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် ရေပေးဝေရေးလုပ်ငန်းများ ထပ်မံတိုးချဲ့လျက်ရှိကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန တည်ထောင်ခြင်း နှစ်(၅၀) ပြည့် ရွှေရတုသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်လွင်က ဘူမိဗေဒဌာန နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(၄၆၉)

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့် ကျောင်းသုံးပရိဘောဂပစ္စည်းများ လွှဲပြောင်းပေးအပ်

နတ်မောက် ဇန်နဝါရီ ၂၀

မကွေးတိုင်း နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ကုလားရှင်ကျေးရွာတောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတိကက ရှင်လင်းမိန့်ကြားပြီး ကျောင်းပရိဘောဂပစ္စည်းများနှင့် စာရေးကိရိယာ ကျောင်းသုံးပစ္စည်းများကို မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။ ကျောင်းဆောင်သစ်ကို ကျပ်သိန်း ၈၀ ကျော် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၀၄)**

အထူးကုဆရာဝန်များ ကွင်းဆင်းကုသ

ရေစကြို ဇန်နဝါရီ ၂၀

မကွေးတိုင်း ရေစကြိုမြို့၌ ဇန်နဝါရီ ၁၆ ရက်က ပခုက္ကူခရိုင် ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာဦးဌွေး ဦးဆောင်သော မျက်စိအထူးကု၊ မီးယပ်သားဖွားအထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ သွားအထူးကု၊ ရောဂါဗေဒရှာဖွေရေးအထူးကုတို့ပါဝင်သော သမားတော်ကြီးများ အဖွဲ့သည် ရေစကြိုမြို့ မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဝေဒနာရှင်များအား လာရောက်ကုသပေးကြသည်။ **(၂၀၇)**

မြို့နယ် သတင်းများ

နေပြည်တော်မြို့နယ် သပြုပင်ကျေးရွာအုပ်စု ချမ်းသာကျေးရွာနှင့် ကျောင်းစုကျေးရွာအုပ်စု ရွှေဘိုကျေးရွာသို့ ဆက်သွယ်သော ချောင်းကူးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဝင် ဦးမြအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်ဆက်)

သင်ထောက်ကူပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

နွားထိုးကြီး ဇန်နဝါရီ ၂၀

နွားထိုးကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းများအတွက် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က အခြေခံပညာ အထက်တန်းကျောင်း အောင်သုဓိန် ခန်းမတွင် ကျင်းပရာ တာဝန်ရှိသူများ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်မြင့်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အဖွဲ့ဝင်(၁) ဒုရဲမှူး ခင်မောင်ဖြူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်က အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးညွန့်လှိုင်သို့လည်းကောင်း၊ မြို့မအခြေခံပညာ အလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများဖြစ်သည့် ၂၁ လက်မ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံကို ကျောင်းအုပ်ကြီး ဦးဝင်းမြင့်သို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** **(၉၄)**

တာချီလိတ်မြို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

တာချီလိတ် ဇန်နဝါရီ ၁၆

တာချီလိတ်မြို့တွင် ဇန်နဝါရီ ၃ ရက်က မြို့ပေါ်ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အသင်းအဖွဲ့အစည်းများက ဟောင်လိတ်ရပ်ကွက် လေယာဉ်ကွင်း ဝဲ/ယာ ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

အဆိုပါ သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ရာသို့ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

စိစစ်ရေးကတ်ပြားပေးအပ်

မြင်းခြံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မြင်းခြံမြို့နယ် ကန်နီကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က ကန်နီကျေးရွာ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်စဉ်။ (၁၁၄)

(၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ (၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်ထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ရက်တွင် မဟာပဋ္ဌာန်းတရားတော်မြတ်ကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ ဦးဆောင်၍ ပင့်သံဃာ ၂၄ ပါးတို့ဖြင့် ရွတ်ပွား၍ ဘုရားပွဲကို ဖွင့်လှစ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်ထိ သစ်သီးကိုးမျိုး၊ ယိုကိုးမျိုး၊ မုန့်ကိုးမျိုးတို့ဖြင့် ရုပ်ပွားတော်မြတ် ခုနစ်ဆူအား ဆွမ်းတော်ကြီး ကပ်လှူမည်ဖြစ်ကာ နှမ်းမနဲပွဲများလည်း ပြုလုပ်၍ လှူဒါန်းမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ရက် ညပိုင်းတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများကို လည်းကောင်း၊ ၃ ရက်ညပိုင်းနှင့် ၄ ရက်ညပိုင်းများတွင် မြန်မာ့ ဆိုင်းဝိုင်းများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေမည်ဖြစ်ပြီး၊ ၅ ရက် နံနက် ၉ နာရီတွင် ဒါနကုသိုလ်အစုစုတို့ကို ရေစက်ချ အမျှပေးဝေမည်ဖြစ်ကာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၁၀၈ ပါးနှင့် သီလရှင် ၃၁ ပါးတို့အား သီရိမင်္ဂလာ ကမ္ဘာအေး စေတီရင်ပြင်တော်တွင် ဆွမ်းဆန်၊ သကြား၊ ထီး၊ ဖိနပ်၊ ယပ်၊ နှမ်းမနဲ စသည့် လှူဖွယ်ပစ္စည်းများဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ စုပေါင်း လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ယနေ့မြန်မာ အတွဲ(၆) အမှတ်(၃)စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့ မြန်မာ အတွဲ(၆) အမှတ်(၃)စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီဖြစ်သည်။

၎င်းစာအုပ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပုဂံလူထုအစည်းအဝေး၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ရှမ်းပြည်နယ် ခရီးစဉ်၊ နဝမအကြိမ် အာဆီယံ ထိပ်သီးညီလာခံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီး အစည်းအဝေး၊ အိန္ဒိယနိုင်ငံ ဒုတိယ သမ္မတနှင့် ထိုင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးတို့၏ မြန်မာပြည် ချစ်ကြည်ရေးခရီးစဉ်များ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ စာပေဆုနှင်းသဘင်၊ ဂုဏ်ရည်မြင့်မား မြန်မာ့အင်ဂျင်နီယာများ၊ ပန်းချီပန်းပု အရောင်းပြခန်းများနှင့် ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာ့သဘာဝ အခြေခံ ကောင်းများစသည့် အကြောင်းအရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)နှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝိပဿနာတရားအားထုတ်ခြင်းနှင့် ပိဋကတ်သုံးပုံဘာသာပြန်ရွတ်ဆိုပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

မြောင်းမြမြို့ အမှတ်(၁၀) နယ်မြေ မြမင်္ဂလာရပ်ကွက် သဲအင်းဂူ စိတ္တသုခကျောင်းတိုက် (ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)၌ စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၄ နာရီမှ ၆ နာရီနှင့် ကျောင်းဖွင့်ရက်များ၌ နံနက်ပိုင်းနှင့်ညနေပိုင်းတွင် သမထဝိပဿနာတရားအားထုတ်ပြီး၊ နေ့လယ်ပိုင်းတွင် ပိဋကတ်သုံးပုံ ဘာသာပြန် ရွတ်ဖတ်ပူဇော်ပွဲပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုတက်ရောက်ကြည်ညိုနိုင်သည်။

(က-ပ)

လှည့်လည်ဖူးမြော်

ဇန်နဝါရီ ၁ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၃) ရပ်ကွက် အောင်ပရဟိတ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဦးဆောင်၍ ရှင်အပါးတစ်ရာကျော်၊ သီလရှင်အပါး တစ်ရာတို့အား အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ရင်မြင်ပေါ် လှည့်လည်ဖူးမြော်စဉ်။

(၄၉)

မဟာဝိဇယစေတီတော်(၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အထမြောက်အောင်မြင်ခြင်းနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်မှုရရှိခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းမြေ၌ မဟာဝိဇယစေတီတော်၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ ပူဇော်ပွဲများဖြင့် တပို့တွဲလဆန်း ၁၄ ရက် (၄-၂-၂၀၀၄)မှ တပို့တွဲလပြည့်ကျော် ၁ ရက် (၆-၂-၂၀၀၄)ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

အလုံမြို့နယ် ဆင်မင်းရပ်ကွက် သံဃာ့ဒါန ဆွမ်းလောင်းအသင်း (သတ္တမအကြိမ် ဆွမ်းအောင်ပွဲ အထိမ်းအမှတ် ဓမ္မပူဇနိယပွဲတော်တွင် ဇန်နဝါရီ ၂၅ ရက်၌ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရ၊ ဇန်နဝါရီ ၂၆ ရက်တွင် ဓညဝတီ အရှင်ပညာသိရီ၊ ဇန်နဝါရီ ၂၇ ရက်တွင် ဆရာတော်ဘဒ္ဒန္တ နာရဒနှင့် ဇန်နဝါရီ ၂၈ ရက်တွင် ပန်းတစ်ပွင့်တောင် ဆရာတော်ဘဒ္ဒန္တ ပညာသာရတို့က အလုံမြို့နယ် သိပ္ပံဈေး သံဃာ့ဒါနဆွမ်းလောင်း ဓမ္မာရုံတွင် ညနေ ၆ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

အမက(၃)ဒဂုံမြို့သစ်တောင်ပိုင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် တစ်မြို့နယ်လုံး ဘက်စုံထူးချွန် ဒုတိယနှင့် စာပေထူးချွန် ဒုတိယဆု စတုတ္ထတန်း(ခ)မှ မရွှန်းလဲ့ဦးအား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း ဆုချီးမြှင့်စဉ်။ (က-ပ)

ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့် အခမ်းအနားလှိုင်ကော်မြို့၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ကယားပြည်နယ် အမျိုးသမီးရေးရာကော်မတီနှင့် ပြည်နယ် အမျိုးသမီး အားကစားကော်မတီတို့ ကြီးမှူးကျင်းပသည့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီခွဲတွင် လွိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့် ဇနီး ဒေါ်ခိုင်သက်မွန်၊ ပြည်နယ် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတပ်ရင်း တပ်ဖွဲ့များမှ အရာရှိများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုကြသည်။

ဂုဏ်ပြုဆု

အခမ်းအနားတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ခိုင်သက်မွန်က ပညာရေးဌာန ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ပထမရရှိသူ မဇင်မာမြင့်အား ၂၀၀၄ ခုနှစ် ကယားပြည်နယ် ကာယအလှမယ် စလွယ်ကို ဆင်မြန်းပေးပြီး ဂုဏ်ပြုဆုကို ချီးမြှင့်သည်။

ချီးမြှင့်ပေး

ဆက်လက်၍ ကျန်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးကြောင်း သိရသည်။

(သတင်းစဉ်)

၁/ ၂၀၀၄ သရုပ်ဆောင်သင်တန်း

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ၁/၂၀၀၄ သရုပ်ဆောင်သင်တန်း ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် သင်တန်းဝင်ခွင့်ပုံစံများ ဝယ်ယူနိုင်ပြီ ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။





စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးလန်းတင် (Petroleum Engineer, Pontil Ltd.)– ဒေါ်ခင်ချမ်းတင်တို့၏သား

မောင်ကျော်ဖုန်းတင် Network Engineering Dip

3rd Year B.Computing (University of Western Sydney)

နှင့်

ဦးရဲမြင့် (B.E Electrical Power) – ဒေါ်သက်မူငွေး

(S.M.M Jade & Jewellery shop, ဗိုလ်ချုပ်ဈေး)တို့၏သမီး

မမြတ်သက်ချို 2nd Year B.B.A

(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

တို့အား ၁၅–၁–၂၀၀၄(ကြာသပတေးနေ့)တွင် Yuzana Garden Bar & Snack ခန်းမ၌ နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဖုန်းတင် – မမြတ်သက်ချို။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းခရီးစဉ် ထားရန်)

Phoenix Travel & Tours Co., Ltd တွင်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

၁။ **Tour Operator** ကျား/မ(၁၀)ဦး

Guide လိုင်စင်ရှိပြီး၊တရုတ်၊ထိုင်း၊အာသာဘာသာကျွမ်းကျင်သူများကို ဦးစားပေးမည်။ ပြည်တွင်းခရီးစဉ် လျှောက်ထားနိုင်သည်။ အသက်(၃၅)နှစ် ထက် မကျော်စေရ။

၂။ **Accountant** ကျား/မ(၁)ဦး

B.Com, LCCI Level(III) အသက်(၃၅)နှစ်ထက်မကြီးစေရ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာ အရည် အချင်း အထောက်အထားမိတ္တူ၊ အကျင့် စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ တို့နှင့် အတူ ကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက် အတွင်း အခန်း ၂(ဘီ)၊ တိုက်(၂၇၀)ပြည်လမ်း။ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

တက်သုတိုင်း တတ်၍၊ တတ်သုတိုင်း
ကျွမ်းကျင်ပိုင်နိုင်စွာ ချုပ်နိုင်ရမည်

အဆင့်မြင့်ဖက်ရှင်နှင့် စက်ချုပ်သင်တန်း

နိုင်ငံတကာသုံး ဒီဇိုင်းသစ်များနှင့် ခေတ်အမီဆုံးဖြစ်စေရမည်

အမည်ပြောင်းခြင်း

ဦးလှမြင့်၏သား မောင်ရဲမြတ်မင်း အထက(၁)လသာ၊ ဒုတိယတန်း(A) အား မောင်အာကာမြတ်မင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်အာကာမြတ်မင်း။

ငြိမ်းချမ်းရေး
TV-VIDEO-VCD

အိမ်အရောက်ပြုပြင်ပေးသည်။

No-41၊ သမ္မာဒိဋ္ဌိလမ်း၊

ကျောက်မြောင်း၊ ဖုန်း–၅၄၈၁၉၇။

ကျေးဇူးဆပ်ပါမည်

စောရန်ခွန်နောင်၏ [၇/ပမန(နိုင်) ၀၀၃၆၅၂] Passport No-358228နှင့် ပုံစံ(၁၀)ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း–၀၁–၃၇၁၆၀၈ သို့ ဆက်သွယ်ပါ။

BURGER, SNACKS & MYANMAR CUISINE

မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး (M.E.H.S)ဒဂုံ(၁)
၁၉၅၄–၁၉၇၈ခုနှစ် ကျောင်းသား/ ကျောင်းသူဟောင်းများ၏
အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက်–၇–၂–၂၀၀၄(စနေနေ့)

ကျင်းပမည့်အချိန် –ညနေ (၄း၀၀)နာရီ

ကျင်းပမည့်နေရာ – Sedona Hotel (Mindon Hall)

